မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၈ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၂၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၂၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၁၉

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ မြို တိုင်းရင်းသားပါတီက ၂၀၁၀ခုနှစ် မေ ၁၉ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ (၃၄)ဖွဲ့အနက် (၂၈)ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော အဖွဲ့(၂၈)ဖွဲ့အနက် အောက်ပါအဖွဲ့များက ၂၀၁၀ခုနှစ် မေ ၁၉ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့သည်-

(က) အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်၊
(ခ) မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊
(ဂ) ချင်းအမျိုးသားပါတီ (Chin National Party)၊
(ဃ) ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၃၉)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ (၂၂)ပါတီရှိကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် သီးနှံစိုက်ပျိုးမှု အထောက်အကူပြုသည့် မိတ္ထီလာမြို့နယ်ရှိ ညောင်ကုန်းရေလှောင်တမံ

➤ **သတင်းမှတ်စု - နုနုရီနှင့် တင်မာဝင်း**
➤ **ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း**
➤ **စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း(မြန်မာ့အလင်း)**

နေပြည်တော် မေ ၁၉

ရှေးဘိုးဘွားလက်ထက်ကတည်းက ယနေ့အထိတိုင် ခေတ်အဆက်ဆက် အလေးထားလုပ်ကိုင်လာသည့် လယ်ယာစီးပွားရေးကဏ္ဍသည် ကြိုးပမ်းအားထုတ်မှုနှင့် ပံ့ပိုးမှုကောင်းလျှင် ကောင်းသလောက် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းသည့် လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် စိုက်ဧက အပြည့်အဝ စိုက်ပျိုးနိုင်ရေး၊ သီးနှံအထွက်နှုန်း ကောင်းမွန်လာရေး၊ သီးထပ်သီးညှပ် ပိုမိုစိုက်ပျိုးနိုင်ရေးစသည့် လယ်ယာကုန်ထုတ်စွမ်းအားများ တိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိသည်။

အကျိုးပြု

မိတ္ထီလာမြို့နယ်ရှိ ညောင်ကုန်းရေလှောင်တမံသည် ပျော်ဘွယ်မြို့နယ်အတွင်း တည်ဆောက်ထားသည့် ချောင်းကောက်တမံမှ ပိုလျှံရေများကို ရေသွယ်တူးမြောင်းများဖြင့် ချောင်းကောက်မှ လွန်ငင်တမံ၊ လွန်ငင်မှ လက်ခုပ်ပင်တမံ၊ လက်ခုပ်ပင်တမံမှ ညောင်ကုန်းတမံအထိ အဆင့်ဆင့် ဆက်သွယ်ရယူပြီး မိတ္ထီလာကန်သို့ ရေကူးသွားမည်ဖြစ်၍ မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် အကျိုးပြုမည့် တမံဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

မြန်မာသတင်းအဖွဲ့ ကွင်းဆင်းတင်ပြသည်

မိုးမိုးအောင်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

ဂျပန်ပြခန်းဆောင်

ရှန်ဟိုင်း ကုန်စည်ပြပွဲတွင် ဂျပန်ပြခန်းဆောင်ကို တွေ့ရစဉ်။

တစ်ကမ္ဘာလုံး ပါဝင်ဆင်နွှဲ ရှန်ဟိုင်းကုန်စည်ပြပွဲ(၃)

နေပြည်တော် မေ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့သို့ ရောက်ရှိနေသော မြန်မာသတင်းအဖွဲ့သည် ဧပြီ ၁၈ရက်က ကုန်စည်ပြပွဲ၏ ထူးခြားသော ပြခန်းဆောင်တစ်ခုဖြစ်သည့် အိမ်ရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြခန်းဆောင်ကို လေ့လာခဲ့သည်။

ဖွင့်လှစ်ပြသထား

“မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး တရုတ်လူမျိုးတို့၏ ဉာဏ်ပညာအမြော်အမြင်တရား” (Chinese Wisdom in Development) ဟူသော ဦးတည်ချက်ဆောင်ပုဒ်ဖြင့် တရုတ်ပြခန်းဆောင်ကို ဖွင့်လှစ်ပြသထားသည်။ တရုတ်နိုင်ငံရှိမြို့ကြီးများ တရွေ့ရွေ့ ဖြစ်ထွန်းပေါ်ပေါက်လာပုံကို လေ့လာလျှင် တရုတ်လူမျိုးတို့၏ ဉာဏ်ပညာအမြော်အမြင်တရားကို တွေ့မြင်နိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက မြန်မာသတင်းအဖွဲ့ကို ပြောကြားသည်။



တရုတ်နိုင်ငံတွင် လွန်ခဲ့သည့် ဆယ်စုနှစ်သုံးစုတာကာလအတွင်း မြို့ပြတည်ထောင်မှုလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပုံကို ပြသရန် စီစဉ်ထားသည်။ အနာဂတ်ကာလတွင် တရုတ်လူမျိုးတို့၏ ယဉ်ကျေးမှုစံတန်ဖိုးများနှင့် အညီ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန်ရှိနေပုံကို တင်ပြထားသည်။

တရုတ်ပြခန်းဆောင်

“အရှေ့တိုင်း သရဖူ” (oriental crown) ပုံစံ သရုပ်ဖော်ထားသော တရုတ် ပြခန်းဆောင်သည် အရိုးကို အရွက်မဖုံးစေအပ်ဟူဘိသို့ ရိုးရာယဉ်ကျေးမှုမပျက် ခေတ်သစ် လူနေမှုဘဝကို တည်ဆောက်နေသည့် တရုတ်လူမျိုးတို့၏ မြို့ပြထူထောင်မှု တရွေ့ရွေ့ဖြစ်စဉ်ကို ဖော်ကျူးနေသည်။

တရုတ်ပြခန်းဆောင်မှာ အမြင့် ၆၃ မီတာရှိပြီး စတုရန်းမီတာ ၁ ဒသမ ၅ သန်းကျော် ကျယ်ဝန်းသည်။*စာမျက်နှာ ၈ ကော်လံ ၁* ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၂၀ ရက်)

ရထားပို့ဆောင်ရေးကဏ္ဍ ပိုမိုတိုးတက်အောင်မြင်ရေးစွမ်းဆောင်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ရေမြေခြားနားနေမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်ရန် ပြည်ထောင်စုတစ်ဝန်းနယ်စပ်ဒေသများပါမကျန် လမ်းတံတားများအပါအဝင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို အစီအစဉ်တကျ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။

ယင်းသို့ ဖောက်လုပ်ပေးရာ၌ ပြည်နယ်နှင့်တိုင်းများ၏ လူမှုရေး၊ စီးပွားရေးဘဝ တိုးတက်လာစေရန် ရထားလမ်းများကို ကွန်ရက်သဖွယ်ဖောက်လုပ်ပေးခဲ့ရာ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သော အရှည် ၂၂ဒသမ ၇၂မိုင်ရှိသည့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းကို မေလ ၁၅ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ရထားလမ်းသည် ရခိုင်ပြည်နယ်အတွင်း ဒုတိယအကြိမ် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့် ရထားလမ်းဖြစ်သကဲ့သို့ ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းရှိ မကွေးတိုင်း မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဆက်သွယ်သည့် ရထားလမ်းစီမံကိန်းလည်း ဖြစ်သည်။ ယင်းရထားလမ်းသည် ခရီးမိုင် ၂၅၇မိုင်ခန့်ရှိပြီး ဥမင်လိုဏ်ခေါင်းများ၊ တံတားကြီးများပါဝင်လျက် ဆင်ခေါင်း-ပဒါန်း-နတ်ရေကန်တောင်-အမ်း-မင်းပြား-မြောက်ဦး-ကျောက်တော်မြို့များသို့ ဖြတ်သန်းသွားမည်ဖြစ်သည်။ အဆိုပါ ရထားလမ်းကြီး ဖောက်လုပ်ပြီးစီးပါက ရခိုင်ပြည်နယ်မှ တိုင်းရင်းသားပြည်သူများအနေဖြင့် ဒေသအသီးသီးသို့ လွယ်ကူချောမွေ့စွာ သွားရောက်နိုင်ပြီး စီးပွားရေး၊ လူမှုရေးအပါအဝင် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလာမည် ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုအခါ မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားမှ တောင်ပိုင်းထားဝယ်မြို့အထိလည်းကောင်း၊ အရှေ့ဘက် မိုးနဲမြို့မှ အနောက်ဘက် ကလေးမြို့အထိလည်းကောင်း ရထားလမ်းခရီးများ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့်အတူ ရထားပို့ဆောင်ရေးကဏ္ဍသည် အားထားနေရဆဲ ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်ရာ ရထားပို့ဆောင်ရေးကဏ္ဍ ပိုမိုတိုးတက်အောင်မြင်ရန် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ၏ စွမ်းအားစွမ်းရည်များစိုက်ထုတ်၍ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၈ရက်
(ဥပုသ်နေ့)
၂၀-၅-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၅ ၇။ **စက်နှင့် စက်ကိရိယာပစ္စည်း စက်ရုံ (မြိုင်)**
၈း၂၅ ၈။ တေးဂီတအစီအစဉ်
၈း၄၀ ၉။ International News
၈း၅၀ ၁၀။ အကပဒေသာ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (မကွေး F.C နှင့် ဥဿာယူနိုက်တက် F.C)
၅း၀၀ ၂။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၅း၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၃၀ ၅။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၅း၄၅ ၆။ **ပြည်သူများအတွက် စေတနာ့ဝန်ထမ်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ**
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၇) သူရလင်း၊ မေတ္တာ၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၂)
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၁၆)
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၄၄)
၁၇။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၁၈။ အစီအစဉ်ပြီး၏။

အာဆီယံဒေသ တောရိုင်းတိရစ္ဆာန်များ

တရားမဝင်ကူးသန်းရောင်းဝယ်မှု တားဆီးရေးကွန်ရက် (၅)ကြိမ်မြောက်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အာဆီယံဒေသ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ကူးသန်းရောင်းဝယ်မှု တားဆီးရေးကွန်ရက် (ASEAN - WEN) (၅)ကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ရက် နံနက် ၉နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ် Lake View Hall ၌ ကျင်းပရာ **(အပေါ်ပုံ)** သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ကိုယ်စားလှယ်များ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားဆက်စပ် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အာဆီယံ (၁၀)နိုင်ငံမှ ကိုယ်စားလှယ်များ၊ ASEAN - WENနှင့် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖတ်ကြားဆွေးနွေး

ယင်းနောက် ASEAN - WEN (၅)ကြိမ်မြောက်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို နံနက် ၁၀နာရီတွင် ရွှေနန်းတော်ဟိုတယ် မင်္ဂလာခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် သစ်တောတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးတင်ထွန်းက ဆောင်ရွက်ပြီး အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ သက်ဆိုင်ရာကိုယ်စားလှယ်များက စာတမ်းများ ဖတ်ကြားဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀ ကျင်းပမည်

ရန်ကုန် မေ ၁၉

TMW Enterprise Limited သည် SONY/ LG/ T-HOME အိမ်တွင်းသုံး TVအမျိုးမျိုးနှင့် INAX အိမ်တွင်းအလှဆင်ပစ္စည်းများကို မေ ၂၇ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရန် စီစဉ်ဆောင်ရွက်နေသော အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀(ELECTRONIC & LIVING 2010)တွင် ခင်းကျင်းပြသကာ အထူးဈေးနှုန်းများဖြင့် ရောင်းချရန် စီစဉ်ထားသည်။

ပြပွဲတွင် Panasonic/ CHANG HONG/ CROWN/ ASAHI/ KHI/ AEK/ MASTER POWER တို့မှ အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ SHINE Construction မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အိမ်ရာပုံစံ အရောင်းပြခန်းများ၊ Projector/ Copier/ Laptop/ Desktop များနှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ခေတ်မီဆန်းသစ်သော ပရိဘောဂအမျိုးမျိုး၊ ကွန်ပျူတာသုံး Software များ၊ ဒစ်ဂျစ်တယ်ကင်မရာများ၊ ကင်မရာပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်နစ်အဘိဓာန်များ၊ TV များ၊ Air Con များ၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ Fujitel/ Reach/ Work တံဆိပ် နှစ်နှစ်အာမခံဖုန်းများ၊ ကိုရီးယားနိုင်ငံထုတ် ထီးနှင့်မိုးကာများ၊ ထိုင်းနိုင်ငံထုတ် အိမ်သုံးပလတ်စတစ်အမျိုးမျိုး၊ ဂိမ်းစက်အမျိုးမျိုး၊ Induction Cooker များ၊ နောက်ဆုံးပေါ် Gas Stove များ၊ ဆေးခန်းနှင့် ဆေးရုံသုံးပစ္စည်းများ၊ အဆင့်မြင့် Automatic Air Fresher များ၊ မီးသတ်ဆေးဘူးများနှင့် Electrical ပစ္စည်းအမျိုးမျိုး၊ Inverter နှင့် Battery များ၊ အဆင့်မြင့် နောက်ဆုံးပေါ် ခြင်ဖမ်းစက်များ၊ အဆင့်မြင့်ရေပူ၊ ရေအေးစက်များ၊ Switch နှင့် Socket Breaker များ၊ တံခါးလော့များ၊ ရေစုပ်စက်ပစ္စည်းအမျိုးမျိုး၊ Korea နိုင်ငံထုတ် ရေတိုင်ကီများ၊ အာမခံသော့ခလောက်များ၊ Massanger Chairs အမျိုးမျိုး၊ ဖုန်းကီးချိန်းနှင့် ဖန်စီပစ္စည်းအမျိုးမျိုး၊ Toyo Battery များ၊ Water & Construction Chemicals များ၊ MNZ တံဆိပ် နောက်ဆုံးပေါ် ငွေရေစက်များ၊ ဒစ်ဂျစ်တယ် ကတ္တားများ၊ ခဲဓာတ် ၁၀၀ရာခိုင်နှုန်းကင်းစင်သော မီးဖိုချောင်သုံးပစ္စည်းများကို ခင်းကျင်းပြသမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

အဆိုပါပြပွဲတွင် ဖျော်ဖြေရေးအစီအစဉ်များအပြင် နေ့စဉ် ကံစမ်းမဲ ဖွင့်လှစ်ပေးမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက ဖုန်း-၂၄၀၉၁၀သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သောက်သုံးရေ လုံလောက်စွာရရှိစေရေး ပေါင်မြို့နယ် ဥက္ကံကျေးရွာသို့ လှူဒါန်း

ပေါင် မေ ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ် ဥက္ကံကျေးရွာတွင် သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း (ရော်ဘာ) ခြံမန်နေဂျာနှင့် ဝန်ထမ်းများသည် မေ ၁၅ ရက် နံနက် ၈နာရီက ဥက္ကံကျေးရွာသို့ ရေဂါလန် (၈၀၀)ဆံ့ ရေသယ်ယာဉ်များဖြင့် သွားရောက်၍ ကျေးရွာပြည်သူများထံ သောက်ရေသန့်များ လှူဒါန်းကြသည်။ **(ယာပုံ)**

လှူဒါန်းဝေငှ

ဆက်လက်၍ မေ ၁၅ရက် မွန်းလွဲ ၁နာရီတွင် ပေါင်မြို့နယ် ကော့ထော်ကျေးရွာနှင့် ကော့ကရင်ကျေးရွာများသို့လည်း သောက်သုံးရေများ လှူဒါန်းဝေငှ ကူညီဆောင်ရွက်ပေးကြသည်။

(မြို့နယ် ပြန်/ ဆက်)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Ye Dabo လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ye Dabo သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသာဦး၊ အတွင်းရေးမှူး ဦးဝင်းကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. Ye Dabo** လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် တနင်္သာရီတိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းတွင် အမှာစကားပြောကြားစဉ်။

(တိုင်းကော်မရှင်)

တနင်္သာရီတိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်လှစ်

နေပြည်တော် မေ ၁၉

တနင်္သာရီတိုင်း၊ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို မေ ၁၇ရက်က မြိတ်မြို့ ကျွန်းရတနာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသန်းမြင့်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် တိုင်းဥပဒေအရာရှိ ဦးမြင့်ကြိုင်က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးသည်။

မေးမြန်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်က ရှင်းလင်းပြောကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ၌ မိုးပိုလာမည်

နေပြည်တော် မေ ၁၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင် ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်း ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သား ဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၄ဒသမ ၂၅လက်မ၊ ပြင်ဦးလွင်မြို့တွင် ၁ဒသမ ၇၃လက်မ၊ ပဲခူးမြို့တွင် ၁ဒသမ ၇၀လက်မ၊ ကျောက်ဖြူမြို့နှင့် မိုင်းဆတ် မြို့တို့တွင် ၁ဒသမ ၄၁လက်မစီ၊ စစ်တွေမြို့တွင် ၁ဒသမ ၃၈လက်မ၊ ကျောက်ဆည် မြို့တွင် ၁ဒသမ ၂၂လက်မ၊ ရန်ကုန် (မင်္ဂလာဒုံ)တွင် ၁ဒသမ ၁၈လက်မ၊ အမ်းမြို့ တွင် ၁ဒသမ ၁၀လက်မနှင့် စစ်ကိုင်းမြို့တွင် ၁ဒသမ ၀၇လက်မတို့ ဖြစ်ကြသည်။

မေ ၂၀ရက် ညနေအထိခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင် ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဟိုတယ်လုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းသစ် ဖွင့်လှစ်မည်

ရန်ကုန် မေ ၁၉

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီး သင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်းအပတ်စဉ် အသစ်ကို မေလတတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်ကြားပေး

သင်တန်းကာလအတွင်း Hotelier Life တွင် အလုပ်အကိုင် အခွင့်အလမ်းပေါများသော F&B Service (Waiter/ Waitress)၊ Housekeeping(Room Attendant)နှင့် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK)နှင့် Institue of AH & LA(USA)မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများ ကိုယ်တိုင်တတ်မြောက် ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

ဖွင့်လှစ်

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် မေလ တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စုံစမ်း

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်၂၆၇ အခန်း ၁၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀-၂၀၁၀၂တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကမ္ဘာ့အသေးငယ်ဆုံး ကြာပန်း တွေ့ရှိ

လန်ဒန် မေ ၁၉

မျိုးသုဉ်းပျောက်ကွယ်ခဲ့ပြီဖြစ်သော ကမ္ဘာ့အသေးဆုံး ကြာပန်းတစ်မျိုးကို ဗြိတိန်နိုင်ငံ တော်ဝင်ရုက္ခဗေဒဥယျာဉ် အတွင်း၌ တွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

မျိုးပွား

ယင်းကမ္ဘာ့အသေးဆုံးကြာပန်းကို သိပ္ပံပညာရှင်များက မိခင်နိုင်ငံဖြစ်သည့် ရဝမ်ဒါနိုင်ငံ၌ နွေဦးရာသီကာလအတွင်း ပြန်လည်မျိုးပွားထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။ အဆိုပါ ကြာပန်းကို ရုက္ခဗေဒအခေါ်အဝေါ် ကားလို့စ်မက်ဒါလင်ဒါဟုခေါ်ပြီး ပွင့်ချပ်၊ ပွင့်ဖတ်များမှာ အလွန်သေးငယ်ကြောင်း သိရသည်။

(အင်တာနက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များထုတ်ပြန်၍ မီဒီယာများမှတစ်ဆင့် သတိပေးနှိုးဆော်လျက်ရှိသော်လည်း အချို့မှာ အလေးထားလိုက်နာမှု မရှိသည့်အတွက် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် အတိအကျ လိုက်နာဆောင်ရွက်သွားကြရန် ထပ်ဆင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

အီရတ် – အာဖဂန် သတင်းများ

အီရတ် အကြမ်းဖက်မှု၌ အရပ်သားများသေဆုံးမှု ကုလသမဂ္ဂ ပြင်းထန်စွာရှုတ်ချ

ဂျီနီဗာ မေ ၁၉

အီရတ်နိုင်ငံ မြို့ကြီးများ၌ ယခင်ရက်သတ္တပတ်က အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၀၀ကျော်သေဆုံးပြီး အများအပြား ဒဏ်ရာရရှိမှု ဖြစ်ပေါ်ခဲ့ခြင်းကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြင်းထန်စွာရှုတ်ချသည်ဟု မေ ၁၈ရက်က ကုလသမဂ္ဂ ကြေညာချက်တွင် သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံ၌ အကြမ်းဖက်ဗုံးဖောက်ခွဲတိုက်ခိုက်မှုများနှင့် သီးခြားတိုက်ပွဲများကြောင့် ရာနှင့်ချီ၍သေဆုံးသူများတွင် အရပ်သားအများဆုံး ပါဝင်သည်ဟု ဘန်ကီမွန်း၏ ပြောရေးဆိုခွင့်ရှိသူထံမှ ပြောကြားချက်ကို အဆိုပါသတင်း၌ ကိုးကားဖော်ပြသည်။

ကြေညာ

ဤကဲ့သို့ မနှစ်မြို့ဖွယ်ရာ ဆိုးရွားသည့် ဖြစ်ရပ်များကို ခံစားနေရသည့် အီရတ်ပြည်သူများနှင့်အတူ ကုလသမဂ္ဂက တစ်သားတည်း ရပ်တည်လျက်ရှိသည်ဟု ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ပေါ်ပေါက်

အီရတ်နိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲ ကျင်းပပြီးနောက် နှစ်လအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ အဆက်မပြတ်ပေါ်ပေါက်လျက်ရှိသည်။ **အမ်အင်န်အေဆင်ပ်ဟွာ**

အသေခံဗုံးဖောက်ခွဲ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အသေခံဗုံး ဖောက်ခွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ လမ်းဘေးဗုံးကြောင့် နှစ်ဦးသေဆုံး နှစ်ဦးဒဏ်ရာရ

ကဘူးလ် မေ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်နှင့် ကီလိုမီတာ ဖ၀ကွာဝေးသော လိုကာပြည်နယ်တွင် မေ ၁၇ရက်၌ အကြမ်းဖက်သမားများက လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ရဲကားတစ်စီး ထိမှန်ပြီး ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ် အစိုးရ ပြောရေးဆိုခွင့်ရှိသူဒါးဘစ်က ပြောကြားသည်။

တိုက်ခိုက်

အဆိုပါရဲကားမှာ ပြည်နယ်အတွင်း ပုံမှန်ကင်းလှည့်နေစဉ် လမ်းဘေးဗုံးခွဲ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူဒါးဘစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်န်အေဆင်ပ်ဟွာ

နိုင်ငံခြားတပ်ဖွဲ့ဝင် ၂၀၀ ကျော် ယခုနှစ်အတွင်း အာဖဂန်၌ သေဆုံးခဲ့

ကဘူးလ် မေ ၁၉

အာဖဂန်နစ္စတန်၌ မေ ၁၇ရက်က ဖြစ်ပွားသည့် သီးခြားတိုက်ပွဲနှစ်ခု၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် နေတိုးတပ်ဖွဲ့ဝင် လေးဦးသေဆုံးကြောင်း ညွန့်ပေါင်းတပ်ဖွဲ့ကထုတ်ပြန်သည်။

အာဖဂန်နစ္စတန် အနောက်ပိုင်း၌ ဖြစ်ပွားသည့်တိုက်ပွဲတွင် နေတိုးတပ်ဖွဲ့ဝင် သုံးဦး သေဆုံးသည်။ တစ်ချိန်တည်းမှာပင် တောင်ပိုင်းဒေသ၌ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ခြင်းဖြစ်သည်။

သေဆုံးသူနေတိုးတပ်ဖွဲ့ဝင်များမှာ မည်သည့်နိုင်ငံသားဖြစ်သည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ယင်းနေ့ စောစောပိုင်းက ရောမမြို့ရှိ အီတလီနိုင်ငံခြားရေး ဝန်ကြီးဌာနက အီတလီတပ်ဖွဲ့ဝင် နှစ်ဦး အာဖဂန်တောင်ပိုင်း၌ သေဆုံးသည်ဟု သတင်းထုတ်ပြန်သည်။

ဖော်ပြ

အီတလီတပ်ဖွဲ့ဝင်များအား ဟီရတ်ပြည်နယ်အနောက်ပိုင်းနှင့် ဘာဒစ်စ်ပြည်နယ်တို့ရှိ အခြေစိုက်စခန်း၌ တာဝန်ချထားကြောင်း၊ ယခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ သေဆုံးသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်ပေါင်း ၂၀၀ကျော်ရှိသွားပြီဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဖမ်းဆီး

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၊ ဟယ်လ်မန်ပြည်နယ်နှင့် ဥရုဇ်ဂန်ပြည်နယ်တို့၌ မေ ၁၇ရက်က ဖြစ်ပွားသည့် အာဖဂန်အမျိုးသားတပ်ဖွဲ့နှင့် နေတိုးဦးဆောင်သောတပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေးအတွင်း၌ စစ်သွေးကြွ ၁၅ဦးအား ဖမ်းဆီးနိုင်ခဲ့သည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ဗုံးပေါက်ကွဲ၊ ၁၂ဦးသေဆုံး

အစ္စလမ္မာဘတ် မေ ၁၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ မေ ၁၈ရက်က ဗုံးပေါက်ကွဲသဖြင့် ၁၂ဦး ထက်မနည်းသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်သည်။

အစ္စလမ္မာဘတ်မြို့ ဆင်ခြေဖုံးဒေသသို့ ဖြတ်သန်းမောင်းနှင်လာသည့် ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦး၏ မော်တော်ယာဉ်ကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းဖြစ်ဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့နှင့် မျက်မြင်သက်သေများ၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းတွင် ဖော်ပြသည်။ ယင်းတိုက်ခိုက်မှုအတွင်း ရဲတပ်ဖွဲ့အကြီးအကဲနှင့် ၄င်း၏ကိုယ်ရံတော်တို့ သေဆုံးပြီး မော်တော်ယာဉ်ပါ ပျက်စီးသွားခဲ့သည်ဟုဆိုသည်။ **အမ်အင်န်အေဆင်ပ်ဟွာ**

အာဖဂန်၌ လေယာဉ်ပျက်ကျ

ကဘူးလ် မေ ၁၉

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် မေ ၁၇ရက်က လေယာဉ်ပျက်ကျခဲ့သဖြင့် လေယာဉ်အမှုထမ်းများနှင့် ခရီးသည် ၄၃ဦး သေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။

ပြောကြား

အဆိုပါလေယာဉ်သည် အမှုထမ်း ငါးဦးနှင့်ခရီးသည် ၃၈ဦး တင်ဆောင်လာကာ အာဖဂန်နိုင်ငံမြောက်ပိုင်း ကန်ဒါဟာမြို့မှ ကဘူးလ်မြို့တော်သို့ ပျံသန်းလာစဉ် ကဘူးလ်မြို့တော်နှင့် မိုင် ၁၀၀ကွာဝေးသော ဆလင်တောင်ကြား၌ ပျက်ကျခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ကြေညာသည်။ နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေဆင်ပ်ဟွာ

ပါကစ္စတန်နိုင်ငံ အိုရက်ဇိုင်းဒေသ၌ တိုက်ပွဲအတွင်း ဒဏ်ရာရရှိသည့် ကလေးငယ်တစ်ဦး ဆေးကုသမှုခံယူအပြီး တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ တိုက်ပွဲဖြစ်ပွား တာလီဘန်စစ်သွေးကြွ ရှစ်ဦးသေဆုံး

အစ္စလမ္မာဘတ် မေ ၁၉

ပါကစ္စတန် အနောက်မြောက်ပိုင်းရှိ အိုရက်ဇိုင်းဒေသတွင် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက လတ်တလောထိုးစစ်ဆင်ခဲ့စဉ် အတွင်း စစ်သွေးကြွရှစ်ဦးထက်မနည်း သေဆုံးပြီးလုံခြုံရေးတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း မေ ၁၈ရက်၌ အင်တာနက် သတင်းအရ သိရသည်။

ဒဏ်ရာရရှိ

အိုရက်ဇိုင်းဒေသတွင် မေ ၁၆ရက်ကလည်း စစ်သွေးကြွများနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာ စစ်သွေးကြွ ၆၀ကျော် သေဆုံးပြီး အခြားလူအများအပြား ဒဏ်ရာရရှိသည်။

(အင်တာနက်)

ပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အဆောက်အအုံကို မေ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် မေ ၁၉

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မေ ၁၉ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၄၈၇ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၇၉၉၄ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၁၄၈၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၇၉၉၄ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် မေ ၁၉

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မေ ၁၉ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၈၃၂ ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၃၁၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၈၃၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၃၁၈ ဦး

(အင်တာနက်)

ကဘူးလ်၌ အသေခံကားဗုံးဖောက် ၁၉ဦးသေဆုံး၊ ၅၂ ဦးဒဏ်ရာရ

ကဘူးလ် မေ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်၌ နေတိုးတပ်ဖွဲ့ယာဉ်တန်းကို ပစ်မှတ်ထား၍ အသေခံကားဗုံးဖောက်ခွဲမှုကြောင့် ၁၉ ဦးထက်မနည်းသေဆုံးပြီး ၅၂ ဦးဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် မေ ၁၈ရက်က ဖော်ပြသည်။

ဖြစ်ပွား

ယင်းဗုံးပေါက်ကွဲမှုသည် ပါလီမန်အဆောက်အအုံနှင့် အခြားအစိုးရရုံးများအနီး ဒါရူလာမန်လမ်းဆုံ၌ မေ ၁၈ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများမှာ အရပ်သားများဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

စုံစမ်းစစ်ဆေး

ကဘူးလ်မြို့တော်အနောက်ပိုင်း၌ နေတိုးတပ်ဖွဲ့ယာဉ်တန်း ရပ်တန့်ထားစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ဆိုသည်။ မည်သည့်အဖွဲ့ကမှ ၄င်းတို့၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။ **(အင်တာနက်)**

ဂျပန်နိုင်ငံ တိုကျိုမြို့ မင်္ဂလာဆည်ခံပွဲတစ်ခု၌ ဧည့်ခံကြိုဆိုရေး တာဝန်ယူထားသည့် လူသားစက်ရုပ်ကို မင်္ဂလာမောင်နှံနှင့်အတူ မေ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရန်နိုင်ငံကို လုံခြုံရေးကောင်စီ ပိတ်ပင်ရန်မလို တူရကီဝန်ကြီးချုပ် အာဒိုဂန်ပြောကြား

ဘာကူး မေ ၁၉

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ကြေညာထားသည့်အတွက် အီရန်နိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အရေးယူပိတ်ပင်ရန် မလိုအပ်တော့ကြောင်း တူရကီဝန်ကြီးချုပ်အာဒိုဂန်က ပြောကြားလိုက်သည်။

ဤကြေညာချက်ကြောင့် အီရန်အား အရေးယူပိတ်ပင်ရန် လိုအပ်တော့မည် မဟုတ်ဟု မိမိမျှော်လင့်ကြောင်း တူရကီဝန်ကြီးချုပ်အာဒိုဂန်က အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့သို့ ရောက်ရှိစဉ် မေ ၁၇ရက်တွင် ပြောကြားလိုက်သည်။

တွေ့ဆုံဆွေးနွေး

တူရကီဝန်ကြီးချုပ် အာဒိုဂန်သည် ဘာကူးမြို့၌ အဇာဘိုင်ဂျန်သမ္မတ အလီယက်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဖားစ်နယူးသတင်းဌာနက ကြေညာသည်။

သဘောတူ

တူရကီနိုင်ငံမှ လောင်စာတောင့်များနှင့်လဲလှယ်ရန် လောလောဆယ် ၃ ဒသမ ၅ ရာခိုင်နှုန်း သန့်စင်ထားသည့် ယူရေနီယံ အများစုကို အီရန်နိုင်ငံက တူရကီနိုင်ငံသို့ပို့ရန် သဘောတူလိုက်ကြောင်း အီရန်အစိုးရက ကြေညာသည်။ **(အင်တာနက်)**

တူရကီဝန်ကြီးချုပ်အာဒိုဂန်

ရေနံထုတ်လုပ်ရေး စီမံကိန်း အီရတ်၊ တရုတ်နှင့် တူရကီသဘောတူညီ

ဘဂ္ဂဒက် မေ ၁၉

အီရတ်အစိုးရအနေဖြင့် အီရတ်နိုင်ငံတောင်ပိုင်း ရေနံလုပ်ကွက်နှင့်စပ်လျဉ်း၍ တရုတ်နှင့် တူရကီကုမ္ပဏီများ သဘောတူစာချုပ်ကို မေ ၁၇ရက်တွင် ချုပ်ဆိုခဲ့ကြောင်း အီရတ်ရေနံဝန်ကြီးက မေ ၁၈ရက်၌ ထုတ်ဖော်ပြောကြားသည်။

လက်ရှိ ရေနံထုတ်လုပ်မှု ပမာဏ တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၀၀၀၀၀ ထုတ်လုပ်နေရာမှ အဆိုပါ စာချုပ်ချုပ်ဆိုပြီးနောက်တစ်နေ့လျှင် စည်ပေါင်း ၄၅၀၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်ဖွယ် ရှိသည်ဟု ခန့်မှန်းထားသည်။

ခွဲဝေယူ

အဆိုပါ ရေနံထုတ်လုပ်ရေး စီမံကိန်းအတွင်း အီရတ်အစိုးရက အကျိုးအမြတ်အဖြစ် ၂၅ ရာခိုင်နှုန်း ရရှိမည်ဖြစ်ပြီး ကျန် ၇၅ ရာခိုင်နှုန်းကို တရုတ်နှင့် တူရကီကုမ္ပဏီများက ခွဲဝေယူကြမည်ဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ကျန်စီပြည်နယ် ဝူဟန်စီရင်စုအတွင်း မိုးသည်းထန်သဖြင့် ရေလွှမ်းနေသည်ကို မေ ၁၉ရက်က တွေ့ရစဉ်။(အဆိုပါရေလွှမ်းမှုအတွင်း ပြည်သူ ၉၃၀၀ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု သိရသည်။) **(ဆင်ဟွာဓာတ်ပုံ)**

ကုန်တင်သင်္ဘော အပိုင်စီးခံရ

လေဂို့စ် မေ ၁၉

ကုန်တင်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများ တိုက်ခိုက်ခဲ့ပြီးနောက် တရုတ်သင်္ဘောသားငါးဦးအား ဆေးရုံတင်ခဲ့ရကြောင်း နိုင်ဂျီးရီးယားသတင်းဌာနက မေ ၁၇ ရက်ညတွင် ပြောကြားသည်။

သေနတ်များ ကိုင်ဆောင်ထားသည့် ပင်လယ်ဓားပြများက ကုန်တင်သင်္ဘောကို တိုက်ခိုက်ကြပြီး ပစ္စည်းများလုယူကာ သင်္ဘောပေါ်ရှိ လူများအားလုံးအား ရိုက်နှက်ကြသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြောကြား

ပင်လယ်ဓားပြများက သင်္ဘောမာလိန်မှူး၏ခြေထောက်ကိုလည်းကောင်း၊ သင်္ဘောပိုင်ရှင် ကိုယ်စားလှယ်၏ ရင်ဘတ်နှင့် လည်ပင်းကိုလည်းကောင်း သေနတ်ဖြင့် ပစ်ခတ်သည်ဟု ဘာဘာတုန်ဒီက ပြောကြားသည်။

ဆင်းသွား

ပင်လယ်ဓားပြများသည် သင်္ဘောသားများထံမှငွေတောင်းပြီး သင်္ဘောပေါ်မှ ဆင်းသွားကြသည်ဟု သိရသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်ပြည်နယ်အုပ်ချုပ်ရေးမှူး ရဟတ်ယာဉ်ပျက်ကျ၍သေဆုံး

မနီလာ မေ ၁၉

ဖိလစ်ပိုင်နိုင်ငံ ကွီဇုန်ပြည်နယ် အုပ်ချုပ်ရေးမှူး ရာဖေးလ်နန်တီးစ်နှင့် ၎င်း၏ ဝန်ထမ်းများ လိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်းသည် မေ ၁၇ရက်က လူနေအိမ်များအတွင်းပျက်ကျပြီး ရဟတ်ယာဉ်ဖြင့် လိုက်ပါလာသူ လေးဦးစလုံးနှင့် မြေပြင်ပေါ်မှ အမျိုးသမီးတစ်ဦးတို့ သေဆုံးကြကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပြောကြား

ကွီဇုန်အုပ်ချုပ်ရေးမှူး ရာဖေးလ်နန်တီးစ်သည် မနီလာမြို့တော်သို့ ၎င်း၏ မွေးရပ်မြေမှ မေ ၁၇ရက်က ပြန်လာစဉ် မနီလာမြို့တော် အရှေ့တောင်ပိုင်းရှိ လူဆီနာမြို့၌ ရဟတ်ယာဉ်ပျက်ကျခြင်းဖြစ်သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ဗီလက်စ်ကွက်စ်က ပြောကြားသည်။

လုံးဝပျက်စီး

ရဟတ်ယာဉ်ပျက်ကျသဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူး၏ လုံခြုံရေးအစောင့်နှစ်ဦး၊ လေယာဉ်မှူးနှင့် ၁၄နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ သေဆုံးကြသည်။ အခြားလူနှစ်ဦးသည် မီးလောင်နေသည့် အိမ်တစ်အိမ်အတွင်း၌ ဒဏ်ရာရရှိသည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။ ရဟတ်ယာဉ်သည် မီးလောင်ပြီး လုံးဝပျက်စီးသွားသည်။ **(အင်တာနက်)**

တူရကီ၌ မိုင်းတွင်းပေါက်ကွဲ အလုပ်သမား ၃၂ဦး ပိတ်မိနေ

အင်ကာရာ မေ ၁၉

တူရကီနိုင်ငံမြောက်ပိုင်း ဇွန်ဂူဒါပြည်နယ်တွင် မေ ၁၇ရက်က ကရာဒွန်းမိုင်းတွင်းပေါက်ကွဲမှုဖြစ်ပွားသဖြင့် အလုပ်သမား ၃၂ဦး မိုင်းတွင်းထဲ၌ ပိတ်မိနေခဲ့ရာ အလုပ်သမားကိုးဦးအား ကယ်ဆယ်နိုင်ပြီး ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း အင်တာနက်သတင်း၌ မေ ၁၇ရက်က ဖော်ပြပါရှိသည်။ ပြီးခဲ့သည့်ခြောက်လအတွင်း တူရကီနိုင်ငံ၌ မိုင်းတွင်းပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သေဆုံး

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ဘလိုက်ဆာပြည်နယ်တွင် မိုင်းတွင်းပေါက်ကွဲမှုဖြစ်ပွားသဖြင့် အလုပ်သမား ၁၃ဦး သေဆုံးပြီး ၂၀၀၉ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း ဘာဇာပြည်နယ်တွင် မိုင်းတွင်းပေါက်ကွဲခဲ့သဖြင့် အလုပ်သမား ၁၉ဦး သေဆုံးခဲ့ရသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရနိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

နယူးယောက်မြို့ နေရာအနှံ့ ဗုံးခွဲရန်ကြံစည်ခဲ့

အမေရိကန်နိုင်ငံ နယူးယောက်မြို့ တိုင်းစကွဲယားတွင် ကားတစ်စီးကို အသုံးပြုပြီး ဗုံးခွဲရန် ကြိုးစားခဲ့သည့်ဖြစ်ရပ်ကို စုံစမ်းလျက်ရှိရာ နယူးယောက်မြို့ အခြားနေရာငါးနေရာကို ဗုံးခွဲရန် ပစ်မှတ်များထားရှိခဲ့သည့် အချက်အလက်များ မိမိတို့ရရှိခဲ့ကြောင်း နယူးယောက်မြို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၁၉ရက်၌ ပြောကြားသည်။

ရေနံယိုဖိတ်ပျံ့နှံ့မှု မက္ကဆီကိုပင်လယ်ကွေ့အထိ ရောက်ရှိ

ကမ်းလွန်ရေနံတူးစင်တစ်ခု မကြာမီက ပေါက်ကွဲခဲ့ရာမှ ထွက်ပေါ်လာသော ရေနံများ ယိုဖိတ်ပျံ့နှံ့မှုမှာ ယခုအခါ မက္ကဆီကိုပင်လယ်ကွေ့အထိ ရောက်ရှိလာကြောင်း၊ ရှင်းလင်းရေးအဖွဲ့များက အမြန်ဆုံးရှင်းလင်းမှုများပြုလုပ်နေကြောင်း မက္ကဆီကိုအာရာရှိများက မေ ၁၉ရက်၌ ပြောကြားသည်။

တရုတ်ကျင်းတောင်လေဆိပ်၌ မူးယစ်ဆေးသိမ်းဆည်းရမိ

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုံပြည်နယ် ကျင်းတောင်မြို့လေဆိပ်ရှိ စစ်ဆေးရေးဂိတ်တစ်ခု၌ နိုင်ငံခြားသားတစ်ဦး သယ်ဆောင်လာသည့် မူးယစ်ဆေးဝါး၂၄၇၅ဂရမ်ကို ရောင်ခြည်ဖြင့် စစ်ဆေးတွေ့ရှိချက်အရ သိမ်းဆည်းရမိခဲ့ကြောင်း မေ ၁၉ရက်၌ သတင်းထုတ်ပြန်သည်။

ဖနောင်ပင်၌ ပထမဆုံး မိုးပျံတံတား ဖွင့်လှစ်မည်

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့အရှေ့တောင်ပိုင်း ဆင်ခြေဖုံးအရပ်တွင် မော်တော်ယာဉ်သွားလာမှုနှင့် ပြည်သူများခရီးသွားလာမှု အဆင်ပြေစေရန် အရှည်မီတာ၃၀၀ရှိပြီး အမေရိကန်ဒေါ်လာခြောက်သန်းအကုန်အကျခံ တည်ဆောက်ထားသည့် မိုးပျံတံတားတစ်စင်းကို လာမည့်ဇွန်လအတွင်းဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဖနောင်ပင်မြို့တွင် နောက်ထပ် မိုးပျံတံတားနှစ်စင်း ထပ်မံတည်ဆောက်လျက်ရှိကြောင်း ကမ္ဘောဒီးယား အရာရှိများက မေ ၁၉ရက်၌ ပြောကြားသည်။

ဂျပန်ဈေးကွက်၌ တိုယိုတာကားများ ပြန်သိမ်းဆည်း

ဂျပန်ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးထားသော တိုယိုတာကား အစီး ၄၅၀၀ကို ပြန်လည်စစ်ဆေးရန် လိုအပ်မှုများရှိနေသဖြင့် မေ ၁၉ရက်မှစတင်ကာ ပြန်လည်သိမ်းဆည်းလျက်ရှိကြောင်း ဂျပန်အရာရှိများက သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)***

မလေးရှားအိုင်တီလုပ်ငန်း၌ ပြည်ပမှ ရင်းနှီးမြှုပ်နှံမည်

မလေးရှားနိုင်ငံတွင် အိုင်တီလုပ်ငန်း၊ သုတေသနလုပ်ငန်းများအတွက် ဝက်စတင်းဒစ်ဂျစ်တယ်လုပ်ငန်းက လာမည့်ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း မလေးရှားအရာရှိများက မေ ၁၉ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲ

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်ရှိ ကျောက်မီးသွေးတွင်း၌ မေ ၁၉ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းတွင်းအလုပ်သမား ၁၀ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိသည်ဟု အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဗီယက်နမ်နှင့် ဘီလာရုစ် ကုန်သွယ်ရေးမြင့်တက်

ဗီယက်နမ်နှင့်ဘီလာရုစ် နှစ်နိုင်ငံကုန်သွယ်ရေးတိုးတက်လျက်ရှိရာ ၂၀၁၀ခုနှစ် ပထမလေးလတာကာလအတွင်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၉သန်းအထိ မြင့်တက်လာကြောင်း ဗီယက်နမ်အရာရှိများက မေ၁၉ရက်၌ သတင်းထုတ်ပြန်သည်။

ပီရူးနိုင်ငံ ကာမစ်ဆီးလ်တွင် သဘာဝဓာတ်ငွေ့သိုက်တွေ့ရှိ

ပီရူးနိုင်ငံ ကာမစ်ဆီးလ်ဓာတ်ငွေ့ရှာဖွေရေးလုပ်ကွက်တွင် ကုဗပေထရီလီယံ ၁၁ဒသမ၂ထွက်ရှိနိုင်သည့် ဓာတ်ငွေ့သိုက်တစ်ခုကို တွေ့ရှိခဲ့ကြောင်း မေ ၁၉ရက်၌ ပီရူးအရာရှိများက ပြောကြားသည်။ (အင်တာနက်)

✳ ကျောဖုံးမှ

ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ လွိုင်ကော်မြို့တွင်းရှိ ကတ္တရာလမ်းဘေး ဝဲယာများတွင် ပန်းအလှပင်များ စိုက်ပျိုးထားခြင်း၊ မြေယာရှင်း အလှပြင်ဆင်ခြင်း၊ လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းများဖြင့် မြို့သာယာလှပစေရန် စီစဉ်ဆောင်ရွက်ထားသည်မှာ မျက်စိပသာဒ ဖြစ်ရသည်။

လွိုင်ကော်မြို့ပေါ်တွင် ရပ်ကွက်ကြီး ၁၃ ရပ်ကွက် ရှိသည်။ မြို့သန့်ရှင်းရေး

လွိုင်ကော်မြို့ အဝင်မုခ်ဦးကို တွေ့ရစဉ်။

အတွက် အမှိုက်ကားလေးစီးဖြင့် မြို့တွင်း အဓိကလမ်းမကြီးများတွင် အပိုင်းလိုက်ခွဲခြား၍ သန့်ရှင်းရေးလုပ်သား ၂၂ဦးဖြင့် နေ့စဉ် ခေါင်းလောင်းတီးစနစ်သုံးကာ အမှိုက်များ သိမ်းဆည်းနေသည်။ သီရိမင်္ဂလာဈေးနှင့် ကန္ဒရဝတီနှစ်ထပ်ဈေးကြီးတို့တွင်လည်း နေ့စဉ် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို အထူးဂရုစိုက် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့်ပင် နေရာတိုင်း၊ လမ်းတိုင်းတွင် သန့်ရှင်းနေသလို ဈေးများ၌လည်း အမှိုက်သရိုက် ကင်းစင်လျက်ရှိသည်။

ကြိုးပမ်း

လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြို့နေပြည်သူများ ရေပြတ်လပ်မှုမရှိစေရန်အတွက် မိုင်းလုံးရပ်ကွက်၌ ရေဂါလန် ၃၀၀၀၀၀ဆံ့ ရေစုကန်ကြီး တည်ဆောက်ပြီး အမှတ်(၁) မိုင်းလုံးရေစက်ရုံမှ ဒေါ်တမရပ်ကွက်၊ လောခမ္မရပ်ကွက်၊ ရွှေတောင်ရပ်ကွက်၊ ရှမ်းပိုင်းရပ်ကွက်၊ မင်းစုရပ်ကွက်၊ မိုင်းလုံးရပ်ကွက်၊ ဈေးပိုင်းရပ်ကွက်၊ ဓမ္မာရုံရပ်ကွက်၊ မင်္ဂလာရပ်ကွက်၊ ဒေါနိုးကူးရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။ ထို့အတူ အမှတ်(၂)ဥတ္တရာရုံ ရေစက်မှ နောင်ယား (က) ရပ်ကွက်၊ နောင်ယား(ခ)ရပ်ကွက်၊ ထေးသမ ကျေးရွာ၊ မင်းစုရပ်ကွက်၊ ဈေးပိုင်းရပ်ကွက် (ဥတ္တရာရုံကုန်း)၊ ဌာနဆိုင်ရာများသို့လည်းကောင်း၊ ဒေါဥခူရေစက်ရုံမှ ဒေါဥခူ ရပ်ကွက်သို့လည်းကောင်း ရေဖြန့်ဝေပေးလျက်ရှိရာ ၄င်းရေစက်ရုံသုံးရုံမှ ရပ်ကွက်များတွင် ရေတိုင် ၂၉၉၈တိုင်မှ နေ့စဉ် ရေဂါလန် ၁၀ဒသမ ၆၅သိန်း ပေးဝေဖြန့်ဖြူးနေသည်။ ပြီးခဲ့သည့်နှစ်က မြို့ပြရေပေးရေးလုပ်ငန်းအဖြစ် မင်းစုရပ်ကွက်တွင် ရေပိုက်လိုင်းအသစ် တိုးချဲ့တပ်ဆင်ခြင်း၊ ရေစင်ပြုလုပ်ခြင်း၊ ဒေါဥခူရေစက်ရုံ တိုးချဲ့တည်ဆောက်ခြင်း၊ သီရိမင်္ဂလာဈေးနှင့် ကန္ဒရဝတီဈေးကြီးတို့တွင် ရေပိုက်လိုင်းအသစ်တပ်ဆင်ခြင်း၊ ရေဂိတ်ဘားများ ပြုပြင်တပ်ဆင်ခြင်း၊ မော်တာပန့်များ ပြုပြင်ခြင်း၊ မော်တာဘောလ်များဝယ်ယူခြင်း၊ ရေစက်ရုံ သုံးရုံအတွက် စက်ပစ္စည်းများ ဝယ်ယူစုဆောင်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပေါ်ရေရရှိရေးအပြင် ကျေးရွာများ ရေရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိုက်ကန်းကျေးရွာအတွက် ရေပိုက်လိုင်းသွယ်တန်းပြီး ရေဂါလန် ၁၀၀၀ဆံ့ ရေကန်နှစ်ကန် တည်ဆောက်ပေးခဲ့သလို ကယန်းကြခူကျေးရွာတွင် လက်တူးတွင်းတစ်တွင်းနှင့် ပဒါးညေးကျေးရွာတွင် လက်တူးတွင်းတစ်တွင်း တူးဖော်ပေးခဲ့သည်။ ထို့အပြင် လေးမိုင်စံပြကျေးရွာအတွက်လည်း ရေပိုက်လိုင်းအသစ်တပ်ဆင်ပြီး ရေဂါလန် ၁၀၀၀ဆံ့ ရေကန်နှစ်ကန် တည်ဆောက်ပေးနိုင်ပြီဖြစ်သလို ကုန်းသာကျေးရွာတွင် ရေပိုက်လိုင်း လဲလှယ်တပ်ဆင်ပေးနိုင်ခဲ့သည်ဖြစ်ရာ မြို့ပြသာမက ကျေးလက်ဒေသများပါ ရေရရှိရေးကို အချိုးညီစွာ ဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိသည်။

လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန် မိုင်းလုံးရပ်ကွက်၌ ရေဂါလန် ၃၀၀၀၀၀ ဆံ့ အုတ်ကန်ကြီးကို တည်ဆောက်ထားသည်။

ခိုင်ခံ့ရေး

ထို့အပြင် လွိုင်ကော်မြို့တွင်းလမ်းများ ကောင်းမွန်ခိုင်ခံ့ရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းများခင်းပေးခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်နေသည်။ ထို့ကြောင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်၌ မြို့တွင်းလမ်းများဖြစ်သော အမှတ် (၇) လမ်း၊ ဒေါဥခူ(၁)လမ်း၊ ဒေါဥခူ(၂)လမ်း၊ ကမ်းနားလမ်း၊ မိုင်းလုံးရေစက်ရုံလမ်း၊ မြို့ပတ်လမ်းအပိုင်း(၂)၊ သွေးသောက်လမ်း၊ တောင်ထိပ်ပန်းလမ်း၊ စောဖျာဒူးလမ်း၊

လွိုင်ကော်မြို့၏ ကျက်သရေဆောင် ခန်းမကြီးကို တွေ့ရစဉ်။

ကျောက်ပြားစက်ရုံလမ်း၊ ပိတောက်လမ်း၊ သရဖီလမ်း၊ ချမ်းသာလမ်းတို့ကို ကတ္တရာခင်းပေးနိုင်ခဲ့သည်။ ထို့အပြင် မြို့တော်ခန်းမအဝင်လမ်း၊ သုခလမ်း၊ ဒေါနိုးကူးလမ်း၊ မင်္ဂလာသီရိလမ်း၊ မဟာဗန္ဓုလလမ်းတို့ကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးနိုင်မှုကြောင့် လွိုင်ကော်မြို့တွင်းလမ်းများကို ကတ္တရာလမ်းများအဖြစ် မြင်တွေ့နေရပြီဖြစ်သည်။ မြို့ပြ သာယာလှပရေးသာမက ကျေးလက်နေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး၊ ဒေသထွက်ကုန်များ ရောင်းဝယ်နိုင်ရေးအတွက် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နာနတ်တော-ဒေါစဲလမ်း အပိုင်း(၂)ကို အလျား ၂၃၉၅ပေ၊ အကျယ် ၁၂ပေရှိ ကျောက်ချောလမ်းခင်းခြင်း၊ ဒေါမူကလား-ပကြဲလမ်းအား အလျားပေ ၁၃၅၀၊ အကျယ် ၁၂ ပေ ကျောက်ချောလမ်း ခင်းပေးခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တစ်ဖန် ထေးသမ-ဒေါမူကလားလမ်းကို အလျား ၁၃၃၂ပေ၊ အကျယ် ၁၂ပေ ကျောက်ချောလမ်းခင်းခြင်း၊ နမ့်ကွတ်-ဒေါကလိုးခူလမ်းကို အလျား ၂၉၁၅ ပေ၊ အကျယ် ၁၂ပေ ကျောက်ချောလမ်းခင်းခြင်း၊ လင်ဖုံလေး-ကုန်းသာလမ်းကို အလျား ၄၁၂၅ပေ၊ အကျယ် ၁၂ပေ ကျောက်ချောလမ်းခင်းခြင်း၊ နမ့်ဘော်ဝမ်-ဇော ၅၀၀ သွားလမ်းကို အလျား ၉၁၅ပေ၊ အကျယ် ၁၂ပေ ကျောက်ချောလမ်းခင်းခြင်းနှင့် နာနတ်တော-ဒေါစဲလမ်း အပိုင်း(၃)တွင် ရေပြွန်တံတား သုံးခု၊ ဒေါမူကလား-ပကြဲလမ်းတွင် ရေပြွန်တံတား ငါးခု၊ နမ့်ကွတ်-ဒေါကလိုးခူလမ်းတွင် သစ်သားတံတား တစ်စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ကျေးလက်လမ်းများ ကောင်းမွန်ပြီး မြို့ရွာနှင့် ကျေးလက်များ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မြှင့် ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်သည်။

ကယားပြည်နယ် လွိုင်ကော်မြို့ပတ်လမ်းရှိ နာရီစင်က ကြွားကြွားဝင့်ဝင့်….။

ပျိုးထောင်ထား

လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းသာယာလှပစိမ်းလန်းစိုပြည်ရေးအတွက် လမ်းဘေးဝဲယာများတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ လမ်းလယ်ကျွန်းများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ပန်းဥယျာဉ်များနှင့် ပန်းခြံများဖြင့် စိမ်းလန်းစည်ဝေရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြို့စိမ်းလန်းစိုပြည်လှပရေးအတွက် ပျိုးဥယျာဉ်သုံးခု တည်ဆောက်ထားပြီး ပန်းအလှပင်များဖြစ်သော စက္ကူပန်း၊ နွယ်သာကီ၊ စိန်တံချူ၊ ပန်းအိ၊ ခရာဝါ၊ ကြေးစိမ်း၊ ကြေးနီ၊ ဘိုကတော်မျက်ခုံး၊ တောင်ထန်း၊ မော်လမြိုင်ပန်းပု၊ တောင်ကြာပန်း၊ ဆယ့်နှစ်ရာသီပန်း၊ ရှု့ညို၊ ကြက်မောက်ပု၊ ဇော်မွှားပန်း၊ ရှုက်လှပန်း၊ နှဲပန်း၊ ဝက်ကျွတ်၊ လမ်းလျှောက်ပန်း၊ ကျောက်ခက်၊ ကျူးဘား၊ အုန်းပန်း၊ ကတ္တီပါအနားတွန့် (အညို)၊ ကတ္တီပါ(ကြက်လည်ဆံ)၊ ယိုးဒယားရွက်လှ၊ ကစ်မီပန်း၊ ပန်းချဉ်ပေါင်၊ သရက်ထည်၊ ပန်းစိမ်းနီ၊ ကျားပါးစပ်၊ ရွှေတဆုပ်ပန်း အလှပင် ၃၁၄၈၆၅ ပင်ကို ပျိုးထောင်ထားသည်။

လွိုင်ကော်မြို့ပတ်လမ်းရှိ လမ်းလယ်ကျွန်းတို့က လှပသပ်ရပ်စွာ။

လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နေပြည်သူများ ညနေခင်းလေညင်းခံလမ်းလျှောက်ရင်း အပန်းဖြေစေရန်အတွက် နောင်ယားကန်တွင် ရေလယ်ပေါင်းကူးတံတား တည်ဆောက်ပေးထားသည်။ နောင်ယားကန်ရေပြင်မှ ဖြတ်သန်းတိုက်ခတ်လာသော အေးမြလတ်ဆတ်သည့်လေကို ရှူရှိုက်ရင်း လွိုင်ကော် မြို့သူမြို့သားတို့ အပန်းဖြေ ရွှင်လန်းစေရန် ဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တော်၏ ဂုဏ်နှင့်ညီစေရန် မြို့တော်သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေသဖြင့် ကယားတို့ဌာနီ ငွေတောင်ပြည်၏ မြို့တော်လွိုင်ကော်ကား ငြိမ်းချမ်းတည်ငြိမ်ခြင်းတို့ ပြည့်လျှမ်းကာ သန့်ရှင်းသာယာလှပဝေဖြာလျက် ကယားပြည်နယ်အလှကို ပိုမိုထွန်းလင်းတောက်ပဝေဖြာနေပါကြောင်း။ ။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၅-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **နိဗ္ဗာန်သွား လမ်းပြမြေပုံ** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၆)
၈း၃၀ Sports World Contender (Portugal)
၈း၅၅ ဗောဓိငြိမ်ပင်ရိပ်နန်းက အရှုံးမရှိဆုလာဘ်ပြည့်
၉း၀၅ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ ကသစ်ဝိုင်မေ့မရိပ်သာ
၉း၂၀ Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ
၉း၃၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့ နားခိုရာ-မယ်လိုဒီ)
၁၀း၀၀ ဖူးမည်အမှန်….ထူးမည်ဧကန် မာရ်ငါးမာရ်
၁၀း၂၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ရှမ်းပိန်းဥအချိုကြော်၊ ရှမ်းပိန်းဥအငန်ကြော်နှင့် ဝက်နံရိုးပိန်းဥဟင်းချို)
၁၀း၄၀ Activities in the City
- ဆရာတော် ဘဒ္ဒန္တပညိဿရ ဘိဝံသ၏ စိန်ရတုဝိဇာတ ပူဇော်ပွဲ
- ဂစ်တာကမ္ဘာ တူရိယာဆိုင်သစ် မိတ်ဆက်ပွဲ
၁၁း၁၀ ဈေးဝယ်လမ်းညွှန် (CLASSIC Style Fashion Fabric Centre)
၁၁း၃၅ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၁၁း၄၅ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင် -Nကိုင်ရာ)
၁၂း၀၅ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
၁၂း၁၅ Shooting Making (အငြိုးပုခက်)
၁၂း၄၀ နှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာ ကသစ်ဝိုင်မေ့မရိပ်သာ
၁း၀၀ **နိဗ္ဗာန်သွား လမ်းပြမြေပုံ** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival (We Love You Michael-2)
၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၆)
၄း၀၀ ဂီတသံစဉ် အလှဆင် (သုမောင်)
၄း၂၅ ရန်ကုန်မြင်ကွင်းကျယ် ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် နဝမအကြိမ် အာစရိယပူဇော်ပွဲ
၄း၄၅ ဗောဓိငြိမ်ပင်ရိပ်နန်းက အရှုံးမရှိ ဆုလာဘ်ပြည့်
၅း၀၀ Activities in the City
- ဆရာတော် ဘဒ္ဒန္တပညိဿရ ဘိဝံသ၏ စိန်ရတုဝိဇာတ ပူဇော်ပွဲ
- ဂစ်တာကမ္ဘာ တူရိယာဆိုင်သစ် မိတ်ဆက်ပွဲ
၅း၃၀ အနုပညာမိုးကောင်းကင်
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဈေးဝယ်လမ်းညွှန် (CLASSIC Style Fashion Fabric Centre)
၆း၄၅ Shooting Making (အငြိုးပုခက်)
၇း၀၅ Fashion Music Festival (We Love You Michael-2)
၈း၀၀ MRTV-4 သတင်း
၈း၃၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့ နားခိုရာ-မယ်လိုဒီ)
၉း၀၀ အနုပညာမိုးကောင်းကင်
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၆)
၁၀း၀၀ Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ
၁၀း၁၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ရှမ်းပိန်းဥအချိုကြော်၊ ရှမ်းပိန်းဥအငန်ကြော်နှင့် ဝက်နံရိုးပိန်းဥဟင်းချို)
၁၀း၂၅ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင် -Nကိုင်ရာ)
၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ် ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် နဝမအကြိမ် အာစရိယပူဇော်ပွဲ
၁၁း၀၀ စိုက်ပျိုးအောင်မြင်…. စပ်ခရမ်းချဉ်
၁၁း၁၅ သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (တစ်ခုပညာကိုယ်စီပါ)
၁၁း၂၀ **ကျေးဇူးကြီးလှ မိနှင့်ဖ** အကယ်ဒမီရဲအောင်၊ အကယ်ဒမီဇော်ဦး၊၊ ဦးဝင်းမြင့်၊ ကျော်ဇေယျ၊ အကယ်ဒမီ မြတ်ကေသီအောင်၊ စိုးမိုးကြည်၊ မျိုးစန္ဒီကျော်၊ ပန်ဆုပြည့်ကျော် (ဒါရိုက်တာ-ခတ်ပုံရဲမြင့်လွင်)
၁၁း၅၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ကြီး ဦးအုန်းမြင့်အား ကိုရီးယားဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၉

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ POSCO Steel Company မှ Senior Vice President Mr. Baek Sung-Kwan နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ သတ္တုကဏ္ဍနှင့်စပ်လျဉ်း၍ သတ္တုသိုက်များ၊ ကျောက်မီးသွေးနှင့် ကြေးနီသတ္တုတွင်းများ ပဏာမစမ်းသပ်ရှာဖွေတိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံ

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ **POSCO Steel Company** မှ **Senior Vice President Mr. Baek, Sung-Kwan** နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

မေ ၁၈ရက်က ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ပျံ့ပျံ့နှံ့နှံ့ မိုးထစ်ချုန်းရွာသွန်းခဲ့သည့်အနက် သိသာထင်ရှားသော မြို့များမှာ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ ဒသမ ၂၀ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၅၇ လက်မ၊ သံတောင်ကြီးမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၁ ဒသမ ၃၀ လက်မ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၀၂ လက်မတို့ဖြစ်ကြောင်း သိရှိရသည်။

ရွာသွန်း

အလားတူ ယနေ့ မေ ၁၉ရက်တွင်လည်း ကချင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ ပျံ့ပျံ့နှံ့နှံ့ မိုးထစ်ချုန်းရွာသွန်းခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မိုးရွာသွန်းမှု အများဆုံးဒေသများအနေဖြင့် မိုးကုတ်မြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၇၀ လက်မ၊ ကျောက်ဖြူမြို့နှင့် မိုင်းဆတ်မြို့တို့တွင် ၁ ဒသမ ၄၁ လက်မစီ၊ စစ်တွေမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ကျောက်ဆည်မြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၁ ဒသမ ၁၈ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် စစ်ကိုင်းမြို့တွင် ၁ ဒသမ ၀၇ လက်မစီ အသီးသီး ရွာသွန်းခဲ့သည်။

သိသိသာသာ

အဆိုပါ မုန်တိုင်း၏အရှိန်ကြောင့် နိုင်ငံတစ်ဝန်း မိုးရွာသွန်းခဲ့သဖြင့် ပူပြင်းခြောက်သွေ့သော အခြေအနေဖြစ်ပေါ်မှုမရှိတော့ဘဲ အမြင့်ဆုံးအပူချိန်များမှာလည်း နိုင်ငံတစ်ဝန်း နှစ်ရက်အတွင်း ရုတ်ခြည်း သိသိသာသာကျဆင်းသွားခဲ့သည်။ ထို့အပြင် ယခုမုန်တိုင်း၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နောက်သုံးရက်ခန့် မိုးဆက်လက်ရွာသွန်းမည့်အပြင် မုန်တိုင်းနှင့်အတူ အနောက်တောင်မုတ်သုံလေလည်း အတူတွန်းတွဲ ဝင်ရောက်လာခဲ့ပြီးနောက် ၄၈နာရီအတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ ဆက်လက်ဝင်ရောက်နိုင်သဖြင့် အပူချိန်များ သိသိသာသာ ကျဆင်းလျက် မိုးများပျံ့နှံ့စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း သိရှိရသည်။

နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအနေဖြင့်လည်း အပူရှိန်မြင့်တက်မှုကြောင့် အပူဒဏ်ခံစားနေရရာမှ ယခုကဲ့သို့ မိုးရွာသွန်းမှုကြောင့် အေးချမ်းသွားပြီဖြစ်ရာ အထူးဝမ်းသာ ပီတိဖြစ်နေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ထုတ်ပြန်ထား

မုန်တိုင်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ကာ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်နယ်၊ တိုင်းအချို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့

နေပြည်တော် မေ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အတွင်းရှိ မြို့နယ်အချို့၌ မေ ၁၆ရက် မွန်းလွဲပိုင်းက လေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အစားထိုးလဲလှယ်

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ရွှေညောင် ကျေးရွာအုပ်စု သံလွန်ကျေးရွာ၌ ညောင်ကိုင်းကျိုးကျသဖြင့် မူလတန်းကျောင်း သွပ်မိုးများ ပေါက်ပြဲပျက်စီးခြင်း၊ မုန်တံခါး အချို့နှင့် တရုတ်ကပ်မှန်အချို့ ကွဲအက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ပြောင်းမျိုးစေ့ထုတ်လုပ်ရေးစက်ရုံရှိ အုတ်တံတိုင်း ၁၆ခန်း ပြိုလဲခြင်းဖြစ်ပေါ်ခဲ့ကြောင်း၊ ဖယ်ခုံမြို့ ဟိန်ဓမ္မရပ်ကွက်၊ အောင်ပန်း-လွိုင်ကော်ကားလမ်းနှင့် ကိုက် ၂၀ခန့်အကွာရှိ သစ်ပင်ကြီးတစ်ပင် အမြစ်မှကျွတ်ထွက်ပြီး ဖုန်းကြိုးပေါ်ကျသဖြင့် ကွန်ကရစ်ဖုန်းတိုင်နှစ်တိုင် နှစ်ပိုင်းကျိုးသွားခဲ့ကြောင်း၊ တာဝန်ရှိသူများက ဖုန်းတိုင်နှစ်တိုင်ကို အမြန်ဆုံး အစားထိုးလဲလှယ်နိုင်ခဲ့သဖြင့် ဖုန်းဆက်သွယ်မှု ပြတ်တောက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ထို့အပြင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် သုံးအိမ်ကျေးရွာ အနီး၌ ပြင်ဦးလွင်-မန္တလေးကားလမ်း လမ်းဘေးဝဲယာရှိ သစ်ပင်နှင့် သစ်ကိုင်းအချို့ ကျိုးကျ၍ လမ်းပိတ်ဆို့မှုရှိခဲ့ရာ အနီးပတ်ဝန်းကျင် ကျေးရွာနေပြည်သူများ လာရောက်ခုတ်ထွင် ရှင်းလင်းဖယ်ရှားပေးခဲ့သဖြင့် ညနေ ၃နာရီခွဲခန့်တွင် မော်တော်ယာဉ်များ ပြန်လည်မောင်းနှင်သွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ စဉ့်ကူးမြို့နယ် ဟသ်ာဖိုကျေးရွာ၌ နေအိမ်အချို့ပြိုလဲခြင်း၊ အမိုးများလွင့်ခြင်း ဖြစ်ပေါ်ခဲ့ကြောင်း၊ အိမ်ပြိုလဲမှုကြောင့် ဟသ်ာဖိုကျေးရွာနေ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖယ်ရှားရှင်းလင်း

အလားတူ စစ်ကိုင်းတိုင်း ခန္တီးမြို့၌ မိုးသီးများကြွေကျခြင်း၊ မိုးကြိုးမုန်တိုင်းများ ကျရောက်ခြင်းကြောင့် အမျိုးသမီးတစ်ဦး သွေးလန့်ပြီးသေဆုံးခဲ့ကာ ထန်းပင်ကျိုးကျ ပိမိသူ အမျိုးသားတစ်ဦး နံရိုးကျိုးသွားခဲ့ကြောင်း မုံရွာမြို့ ဗိုလ်ချုပ်လမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်အနီး သစ်ပင်တစ်ပင် အမြစ်မှကျွတ်၍ လဲကျခြင်း၊ သာစည်လမ်း သာစည်ဈေးအနီးတွင် သစ်ပင်တစ်ပင် လမ်းပေါ်သို့ ကျိုးကျခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် တာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

တိုက်တွန်း

ယခုကာလတွင် မိုးသက်လေပြင်းများ ကျရောက်ခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး လေပြင်း တိုက်ခတ်မှုကြောင့် သစ်ပင်များပိခြင်း၊ ဓာတ်တိုင်များပိခြင်း၊ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်းများ ဖြစ်ပေါ်တတ်သဖြင့် သတိပြုသွားလာနေထိုင်ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

လုပ်ငန်းခွင်၌ ဖိအားပေးခံရသူ စိတ်ကျရောဂါဖြစ်လာနိုင်ဟုဆို

လန်ဒန် မေ ၁၉

လုပ်ငန်းခွင်အတွင်း ဖိအားပေးခံရမှုများလျှင် စိတ်ကျရောဂါ ဖြစ်ပွားနိုင်ကြောင်း ဗြိတိသျှ သုတေသီများက လေ့လာတင်ပြထားသည်။

ပြောကြား

ဗြိတိသျှလူမျိုး ၁၀ဦးလျှင် တစ်ဦးမှာ လုပ်ငန်းခွင်အတွင်း ဖိအားပေးခံရ၍ စိတ်ကျရောဂါ ဖြစ်ပွားလျက်ရှိကြောင်း၊ လုပ်ငန်းခွင်၌ ငွေကြေးအကျပ်အတည်းကြောင့်လည်း စိတ်ကျရောဂါ ဖြစ်ပွားနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

သတိပေး

ယင်းသုတေသနအဖွဲ့က ဗြိတိသျှ အလုပ်သမား ၂၀၅၀တို့အား သုတေသန

ကောင်းမြတ်သူ စုစည်းသည်

ပြု ဆန်းစစ်လေ့လာခဲ့ရာ ထက်ဝက်နီးပါးမှာ လုပ်ငန်းခွင်အတွင်း ဖိအားပေးခံရ၍ စိတ်ကျရောဂါ ဖြစ်ပွားနေမှုနှင့် ဆက်စပ်နေကြောင်း သတိပေး ပြောကြားလျက်ရှိသည်။

(အင်တာနက်)

ဝက်အူချောင်းများ နေ့စဉ်စားသုံးမှု နှလုံးရောဂါနှင့် ဆက်စပ်မှုမရှိ

လန်ဒန် မေ ၁၉

ဝက်အူချောင်းများ နေ့စဉ် စားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်မှုမရှိကြောင်း ဟားဗတ်တက္ကသိုလ်မှ သုတေသီများက လေ့လာတင်ပြထားသည်။

လေ့လာတင်ပြ

နေ့စဉ် ဝက်အူချောင်း ၅၀ဂရမ် စားသုံးသော လူတစ်သန်းကျော်တို့အား အဆိုပါ သုတေသီများက သုတေသနပြုခဲ့ရာ ဆီးချိုရောဂါ ဖြစ်ပွားခြင်းမရှိသလို နှလုံးရောဂါလည်း ဖြစ်ပွားနိုင်ဖွယ်မရှိကြောင်း၊ ဝက်သား၊ အမဲသားနှင့် သိုးသားများ နေ့စဉ် စားသုံးလျှင်သော်မှ နှလုံးရောဂါ ဖြစ်ပွားမှုနှင့် ဆက်စပ်မှုမရှိကြောင်း လေ့လာတင်ပြထားသည်။

ထိခိုက်နိုင်

သို့သော် အသားနှင့် ဝက်အူချောင်းများ အလွန်အကျွံ စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောဓာတ်များ အလွန်များလာ၍ ကျန်းမာရေး ထိခိုက်နိုင်ကြောင်း သတိပေးထားသည်။

(အင်တာနက်)

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) တီဗွီ၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော “မုန်တိုင်းသတင်း”နှင့် “မုန်တိုင်းသတိပေးချက်”များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ၊ ကောလာဟလသတင်းများကို မယုံကြည်ပါနှင့်။

(၂) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက “မုန်တိုင်းသတင်း”အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက “မုန်တိုင်းသတိပေးချက်”အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

(၃) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်း ဖြတ်သန်းဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

(၄) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း မုန်တိုင်းသတိပေးချက် သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

(၅) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

(၆) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။

(၇) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိ မိသားစုဝင်များအားလုံး ပြင်ပသို့ မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။

(၈) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံ ပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

(၉) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။

(၁၀) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပျက်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(၁၁) ဝမ်းရောဂါကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာနေပါ။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

ရှေ့ဖုံးမှ *

ပြသရန်စီစဉ်

ပြခန်းဆောင်၏ ကဏ္ဍ(၁)ပြကွက် (Section 1) ကို The Footprint Section ဟု အမည်ပေးထားသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း တရုတ်လူမျိုးတို့၏ မြို့ပြထူထောင်မှုဆိုင်ရာ အတွေ့အကြုံကို ဖော်ပြနိုင်ရန် ကုန်စည်ပြပွဲလာ ဧည့်သည်များအား ရုပ်ရှင်ဖြင့် ပြသပေးရန် စီစဉ်ထားသည်။

မြို့ပြများ ထူထောင်ရာတွင် တရုတ်ခေါင်းဆောင်များက ဉာဏ်ပညာ အမြော်အမြင်ဖြင့် ဆောင်ရွက်ခဲ့ပုံကို ပြသနိုင်ရန် ထူးခြားသော ပန်းချီကားကြီးတစ်ချပ်ကို ပြသထားသည်။ ယင်းမှာ "ကျင်မင်းပွဲတော်ကာလ မြစ်ကမ်းနားတစ်လျှောက်" (Along the River During the Qingming Festival) အမည်ရှိ ပန်းချီကားဖြစ်သည်။

တရုတ်ပြခန်းဆောင်၏ ကဏ္ဍ(၂)ပြကွက်မှာ မြို့ပြများထူထောင်မှု အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလအကြား ဆက်နွယ်ပုံကို ပြသသည်။ မြို့ပြစီမံကိန်းများကို ခေတ်အဆက်ဆက် အမြော်အမြင်ကြီးမားစွာ ရေးဆွဲပြီး အကောင်အထည်ဖော်ခဲ့ပုံကို ပြသထားသည်။

ရည်မှန်း

ကဏ္ဍ(၃)ပြကွက်တွင်မူ ကာဗွန်ဓာတ်ငွေ့ကင်းမဲ့သော လူနေမှုဘဝ တည်ဆောက်ရန် ဦးတည်ပုံကို ဖော်ကျူးသည်။ အနာဂတ်ကာလတွင် တရုတ်မြို့ကြီးများ၌ ဖန်လုံအိမ်ဓာတ်ငွေ့ကင်းမဲ့သော လူနေမှုဘဝ ဖြစ်ပေါ်လာရန် ရည်မျှော်သည်။ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ အမြဲထာဝရ ဖွံ့ဖြိုးတိုးတက်နေမည့် လမ်းကြောင်းပေါ်တွင် ရှိနေစေရန် တရုတ်ခေါင်းဆောင်များက ရည်မှန်းသည်။



ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲကို ကြည့်ရှုလေ့လာရန် စောင့်ဆိုင်းနေကြသူများနှင့် ပြခန်းအချို့ကို တွေ့ရစဉ်။

ရှန်ဟိုင်းမြို့သို့ ရောက်ရှိနေသော မြန်မာသတင်းအဖွဲ့သည် ဂျပန်ပြခန်းဆောင်ကို တွေ့မြင်ခဲ့သည်။ တစ်မျိုးတစ်ဖုံ ထူးခြားနေသော ဂျပန်ပြခန်းဆောင်၏ ခေါင်မိုးဒီဇိုင်းပုံစံမှာ ကျွန်းတစ်ကျွန်းကို သရုပ်ဖော်ထားသည်။ "ခရမ်းရောင်ပိုးစာကောင်ကျွန်း" (Purple Silkworm Island) ဟု အမည်ပေးထားသော ပြခန်းဆောင်မှာ ဂျပန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ထင်ဟပ်နေသည်။ နေရောင်ခြည်စွမ်းအင်ထုတ်ယူနိုင်သော ဆဲလ်ပြားများကို ပြခန်းအဆောက်အအုံ မျက်နှာပြင်ပေါ်တွင် အထင်းသား တွေ့ရသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာသစ်များ အသုံးပြုကာ ပြခန်းကို တည်ဆောက်ထားရာတွင် ၂၀၂၀ခုနှစ်၌ ပေါ်ထွန်းလာမည့် ဂျပန်မြို့ပြလူနေမှုဘဝကို သရုပ်ဖော်သည်။ သဘာဝကို ချစ်မြတ်နိုးသော ဂျပန်လူမျိုးများ၏ လူနေမှုဘဝကို ပြသလိုခြင်းဖြစ်သည်။

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ၏ ပြခန်းဆောင်ကို တွေ့ရစဉ်။

တွေ့မြင်နိုင်

စက်မှုဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံဖြစ်သော ဂျပန်နိုင်ငံတွင် ခေတ်မီမြို့ပြများ ထူထောင်လျက်ရှိပြီး ရေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ခေတ်မီဆန်းပြားသော နည်းပညာသစ်များကို ဖော်ထုတ်လျက်ရှိပုံ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပုံတို့ကို ဂျပန်ပြခန်းတွင် တွေ့မြင်နိုင်သည်။

ဂျပန်ပြခန်းဆောင်တွင် ကျေးရွာအခင်းအကျင်းများကို တွေ့မြင်နိုင်ပြီး ရိုးရာနည်းအရ သစ်သားဖြင့် တည်ဆောက်အပ်သော ပြဇာတ်ရုံတွင် ဂျပန်နှင့် တရုတ် အနုပညာရှင်များက ရိုးရာအဆိုအကများဖြင့် ပူးတွဲတင်ဆက်ကြမည်ဟု သိရသည်။

လေ့လာနိုင်

ကမ္ဘာ့အဆင့်မီ စက်ရုပ်များ ထုတ်လုပ်သည့် နည်းပညာကဲ့သို့ စက်မှုနည်းပညာသစ်များ အနာဂတ်ကာလတွင် ဆက်လက် ပေါ်ထွန်းလာရန် ရှိနေပုံကို ယင်းပြခန်းတွင် လေ့လာနိုင်မည် ဖြစ်သည်။

အကြီးဆုံး

မြန်မာသတင်းအဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ပြခန်းဆောင်ကိုလည်း အလေးမူမိသည်။ ကိုရီးယားသမ္မတနိုင်ငံ ပြခန်းဆောင်သည် ကုန်စည်ပြပွဲ၏ ပြခန်းဆောင်များအနက် အကြီးဆုံးပြခန်းဆောင်တစ်ခုအဖြစ် ပါဝင်သည်။ ဇုန်(က)တွင် ယင်းပြခန်းဆောင် တည်ရှိသည်။ ဂျပန်ပြခန်းဆောင်နှင့် ဆော်ဒီအာရေဗျပြခန်းဆောင်တို့မှာ တောင်ကိုရီးယားပြခန်းဆောင်နှင့် နီးနီးကပ်ကပ်တည်ရှိပြီး အိမ်ရှင်တရုတ် ပြခန်းဆောင်နှင့်လည်း မဝေးကွာလှပေ။

သရုပ်ဖော်

တောင်ကိုရီးယားပြခန်းဆောင်သည် ဧရိယာ စတုရန်းမီတာ ၆၀၀၀ခန့် ကျယ်ဝန်းသည်။ သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်ထားပြီး ပြခန်းဆောင်အပြင်ဘက်ကို ကိုရီးယားဗျည်းအက္ခရာများ၏ အခြေခံစာလုံး ၂၀ဖြင့် သရုပ်ဖော်ထားသည်။ ပြခန်းအဆောက်အအုံ၏ ဒီဇိုင်းပုံစံတွင် ROK အင်္ဂလိပ်ဗျည်းများကို အနုပညာပါပါဖြင့် သရုပ်ဖော်သည်။

ပါဝင်ပြသ

တောင်ကိုရီးယားပြခန်းဆောင်၏ ဦးတည်ချက်ဆောင်ပုဒ်မှာ ရင်းနှီးချစ်ကြည်သော မြို့ကြီး၊ အသွေးအရောင်စုံသော လူနေမှုဘဝ (Friendly City, Colorful Life) ဖြစ်သည်။ လှပကြော့ရှင်းသော အမျိုးသားပြခန်းတွင် ကော်ပိုရေးရှင်းဆိုင်ရာ ပြခန်းတစ်ခုကိုလည်း တောင်ကိုရီးယားနိုင်ငံက သီးခြားဖွင့်လှစ်ထားသည်။ ကော်ပိုရေးရှင်းဆိုင်ရာ ပြခန်း၏ ဦးတည်ချက်ဆောင်ပုဒ်မှာ စိမ်းလန်းသောမြို့ကြီး၊ မြစိမ်းရောင်လူနေမှုဘဝ (Green City, Green Life)ဖြစ်သည်။ အဆိုပါပြခန်းတွင် တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကုမ္ပဏီများဖြစ်ကြသော ပေါ်စကိုကုမ္ပဏီ၊ ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီ၊ အယ်လ်ဂျီကုမ္ပဏီ၊ ဆမ်ဆောင်း အီလက်ထရွန်နစ်ကုမ္ပဏီ အပါအဝင် ကုမ္ပဏီပေါင်း ၁၂ခု ပါဝင်ပြသကြသည်။

ကြည့်ရှုနိုင်

တောင်ကိုရီးယားပြခန်းဆောင်မှာ အထပ်သုံးထပ်ရှိသည်။ ပြပွဲလာသူများသည် တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်၏ မြို့ပြလူနေမှုပုံစံကို လေ့လာကြည့်ရှုနိုင်သည်။ မြို့တော်ဆိုးလ်ရှိ အထင်ကရ အဆောက်အအုံများနှင့် ရေ၊ မြေ၊ တောတောင်များကို အချိုး ၃၀၀အထိချုံ့ကာ ရုပ်လုံးဖော်ထားသည်ဟု သိရသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာ ခေတ်မီမြို့ပြလူနေမှုစနစ်သို့ ဦးတည်နေပုံကို လေ့လာနိုင်မည် ဖြစ်သည်။ ကိုရီးယားရိုးရာ အဆို၊ အကများကို ဖျော်ဖြေတင်ဆက်ရန် နာမည်ကျော်ဒါရိုက်တာ ကင်ဆောင်စူးက တာဝန်ယူထားကြောင်း သိရှိခဲ့ရသည်။

ချစ်စရာ ယုန်လေးသဖွယ် ဒီဇိုင်းပုံစံသရုပ်ဖော်ထားသော မကာအိုပြခန်းဆောင်ကို တွေ့ရစဉ်။

ရှေ့ဖုံးမှ ❐

မြေသားတမံအမျိုးအစား

ညောင်ကုန်းရေလှောင်တမံသည် မိတ္ထီလာကန်သို့ ရေကူဖြည့်တင်းပေးနိုင်ရန် တည်ဆောက်ပေးထားသည့် ရေလှောင်တမံအစုအဖွဲ့တွင်ပါဝင်သော ရေလှောင်တမံတစ်ခုဖြစ်သည်။ ညောင်ကုန်းချောင်းပေါ်၌ တည်ဆောက်ထားသော မြေသားတမံအမျိုးအစားဖြစ်၍ ပင်မတမံမှာ အလျားပေ ၆၄၀၀၊ တမံအမြင့်ပေ ၄၀ ရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၃၅၀၀ ရှိသည်။

ညောင်ကုန်းရေလှောင်တမံသည် နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ၁၇၈ခုမြောက် တမံတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၄ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းမှတ်စု စေ့ငုတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၂၀-၅-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၀ ၃။ မျိုးချစ်တပ်မတော်
၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၅။ မွေးမြူသုတ
၄:၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၅ ၉။ မျှော်လင့်စောင့်စားကမ္ဘာ့ဖလား Serbia and Newzealand
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** အပိုင်း (၁၄)
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၁၂)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအနက် လေးဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိ

နေပြည်တော် မေ ၁၉

ဧပြီ ၁၅ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ X_2O ရေကစားမဏ္ဍပ်ရှေ့၌ ဗုံးပေါက်ကွဲမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဆေးရုံအသီးသီးတို့၌ ဆေးကုသမှုခံယူလျက်ရှိသော ဒဏ်ရာရလူနာ ၁၇၀အနက် လူနာအများစုမှာ ဆေးရုံမှ ဆင်းသွားနိုင်ခဲ့ကြပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ကိုးဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြကြောင်း သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆေးရုံမှထပ်မံဆင်းသွား

ယခုအခါ အဆိုပါ ဆေးကုသမှုခံယူလျက်ရှိသော လက်ကျန် ဒဏ်ရာရလူနာများအနက် သက်သာပျောက်ကင်းသူများ ဆေးရုံမှထပ်မံဆင်းသွားခဲ့ကြသဖြင့် ယနေ့အထိ အမျိုးသား လေးဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရောင်စုံသော လူနေမှုဘဝ (Friendly City, Colorful Life) ဖြစ်သည်။ လုပကြော့ရှင်းသော အမျိုးသားပြခန်းတွင် ကော်ပိုရေးရှင်းဆိုင်ရာ ပြခန်းတစ်ခုကိုလည်း တောင်ကိုရီးယားနိုင်ငံက သီးခြားဖွင့်လှစ်ထားသည်။ ကော်ပိုရေးရှင်းဆိုင်ရာ ပြခန်း၏ ဦးတည်ချက်ဆောင်ပုဒ်မှာ စိမ်းလန်းသောမြို့ကြီး၊ မြစိမ်းရောင်လူနေမှုဘဝ (Green City, Green Life)ဖြစ်သည်။ အဆိုပါပြခန်းတွင် တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကုမ္ပဏီများဖြစ်ကြသော ပေါ်စကိုကုမ္ပဏီ၊ ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီ၊ အယ်လ်ဂျီကုမ္ပဏီ၊ ဆမ်ဆောင်း အီလက်ထရွန်နစ်ကုမ္ပဏီ အပါအဝင် ကုမ္ပဏီပေါင်း ၁၂ခု ပါဝင်ပြသကြသည်။

ကြည့်ရှုနိုင်

တောင်ကိုရီးယားပြခန်းဆောင်မှာ အထပ်သုံးထပ်ရှိသည်။ ပြပွဲလာသူများသည် တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်၏ မြို့ပြလူနေမှုပုံစံကို လေ့လာကြည့်ရှုနိုင်သည်။ မြို့တော်ဆိုးလ်ရှိ အထင်ကရ အဆောက်အအုံများနှင့် ရေ၊ မြေ၊ တောတောင်များကို အဆ ၃၀၀အထိချုံ့ကာ ရုပ်လုံးဖော်ထားသည်ဟု သိရသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာ ခေတ်မီမြို့ပြလူနေမှုစနစ်သို့ ဦးတည်နေပုံကို လေ့လာနိုင်မည် ဖြစ်သည်။ ကိုရီးယားရိုးရာ အဆို၊ အကများကို ဖျော်ဖြေတင်ဆက်ရန် နာမည်ကျော် ဒါရိုက်တာ ကင်ဆောင်စူးက တာဝန်ယူထားကြောင်း သိရှိခဲ့ရသည်။



...ည်ထောင်မှု	၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** အပိုင်း (၁၄)	၁၉။	အမျိုးသားရေးတေးကဗျာ
		၂၀။	အနုပညာရှင်၏ တစ်နေ့တာ
...မ္ဘာ့ဖလား ...ealand ...းသတင်း	၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၁၂)	၂၁။	ကုန်သွယ်သုတ
		၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
...ကဗျာ	၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၇)
	၁၇။ နိုင်ငံတကာသတင်း		
...က်လှည့်ပညာ	၁၈။ မိုးလေဝသသတင်း		

...ကြောင့် ဒဏ်ရာရရှိသူများအနက် ...းကုသမှု ဆက်လက်ခံယူလျက်ရှိ

စစ်ကိုင်းတိုင်း၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်ဒေသများ၌ သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက်

ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၉

သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်ဒေသများ၌ နိုင်ငံတော်အစိုးရ၏ စီမံညွှန်ကြားမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်း၍ သောက်သုံးရေ လုံလောက်စွာရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

သောက်သုံးရေဖြန့်ဝေ

စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် တာဝန်ရှိသူများနှင့်အတူ မေ ၁၈ရက်က စစ်ကိုင်းတိုင်း မြောင်မြို့နယ် အုတ်နဲ့ဘုတ်ကျေးရွာရှိ ပြည်သူ ဦးကျော်စိုးနှင့် တာဝန်ရှိသူတို့သည် မေ ၁၆ရက်က မွန်ပြည်နယ် သထုံမြို့ မြို့ပေါ် ငါးရပ်ကွက်သို့ နေ့စဉ် ရေဂါလန် ၄၅၀၀၀ ပေးဝေလျက်ရှိသော ဂါလန်သုံးသိန်းဆံ့ ရေစုကန်သို့လည်းကောင်း၊ သထုံမြို့နယ် လိပ်အင်း ၃၀၀၀၀ ဖြန့်ဝေပေးမှုအခြေအနေကို လည်းကောင်း၊ အလုပ်ကျေးရွာရှိ ပြည်သူများသို့ နေ့စဉ် သောက်သုံးရေ ဂါလန် ၁၇၄၀၀ ဖြန့်ဝေပေးမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ ရေးအဖွဲ့ပိုင် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယခု နွေနှောင်းပိုင်းကာလတွင် ရာသီဥတု ပူပြင်းခြောက်သွေ့သဖြင့် ဒေသအချို့၌ သောက်သုံးရေ အခက်

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကော်ကိုက်ထန်ကျေးရွာ၌ ဂါလန် ၈၀၀ဆံ့ မိုးရေလှောင်ကန် ငါးလုံးတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ကျေးရွာပြည်သူများ အုတ်ရေကန်အတွင်းမှ ရေခပ်ယူသုံးစွဲနေမှုကို မေ ၁၃ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွာသစ်ကျေးရွာ၌ တူးဖော်ဆောင်ရွက်ပြီးသော စက်ရေတွင်းမှ သန့်ရှင်းသော သောက်သုံးရေများ ကျေးရွာနေပြည်သူများ ရယူသုံးစွဲနေမှုကို မေ ၁၇ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

များသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ထော်လာဂျီနှစ်စီးဖြင့် သောက်သုံးရေ ဂါလန် ၁၆၀၀ ဖြန့်ဝေပေးမှုကိုလည်းကောင်း၊ အဖွဲ့ပိုင် စက်ရေတွင်းတူးစက်ဖြင့် လေးလက်မ စက်ရေတွင်းတူးဖော်နေမှုကိုလည်းကောင်း၊ ပရိမ္မမြစ်ရေတင်လုပ်ငန်းမှတစ်ဆင့် ကျေးရွာအများသုံးရေကန်သို့ ရေပိုက်လိုင်းသွယ်တန်းပြီး ရေပေးဝေနေမှု အခြေအနေများကိုလည်းကောင်း၊ မုံရွာမြို့ မြစ်ရေတင် မြို့ရေပေးရေးလုပ်ငန်းမှ သောက်သုံးရေဖြန့်ဝေမှုနှင့် မုံရွာမြို့နယ် ကျောက္ကာမြောက်ကျေးရွာ၊ ခတ္တကန်(တောင်)ကျေးရွာနှင့် နိဗ္ဗာန်ဝကျေးရွာများရှိ ပြည်သူများသို့ သောက်သုံးရေ ဂါလန် ၇၂၀၀ ဖြန့်ဝေပေးနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ထို့အတူ စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ်

သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနက သန်လျင်မြို့နယ် သူငွေးကွင်းကျေးရွာနှင့် ကုလားဝဲကျေးရွာတို့၌ သောက်သုံးရေများ ပေးဝေစဉ်။ (မီးသတ်)

ရပ်ကွက်ရှိ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စေတနာရှင်ပြည်သူတို့က စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်နှစ်စီးဖြင့် မေ ၁ရက်မှစ၍ သောက်သုံးရေ ဂါလန် ၁၄၇၀၀ ဖြန့်ဝေပေးမှု အခြေအနေကို လည်းကောင်း၊ ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အစီအစဉ်ဖြင့် ကဒါရပ်ကွက်နေ ပြည်သူများသို့ နေ့စဉ် ရေဂါလန်

ကြည့်ရှုစစ်ဆေး

အလားတူ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့် တာဝန်ရှိသူတို့သည် မေ ၁၈ရက်က သုံးခွမြို့နယ်၌ မြို့နယ်စည်ပင်သာယာ

အခဲများဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများပူးပေါင်းလျက် သောက်သုံးရေရရှိရေး အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်ယူဆောင်

မြောင်မြို့နယ် အုတ်နဲ့ဘုတ်ကျေးရွာ၌ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေခဲ့ရာ ကျေးရွာပြည်သူများ လာရောက်ယူဆောင်ကြစဉ်။ (နယ်စပ်စည်ပင်)

ရယူသုံးစွဲ

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့သည့် ပျက်ချင်းနုကျေးရွာ၌ အရှည်ပေ ၁၂၆၀ရှိ နှစ်လက်မ ပီဗွီစီပိုက်မှရေနှင့် ကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သည့်ရေဂါလန်၂၇၀၀ဆံ့ရေစုကန်မှရေကို ပြည်သူများ ရယူသုံးစွဲနေကြစဉ်။ (သတင်းစဉ်)

သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိစေရန် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် ပြည်သူများပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၉

မြန်မာနိုင်ငံဒေသအချို့တွင် ယခုနွေနှောင်းပိုင်းကာလများအတွင်း သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရပြီး အဆိုပါဒေသများ၌ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများပူးပေါင်း၍ သောက်သုံးရေ လုံလောက်စွာရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဖြန့်ဝေပေး

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် မေ ၁၆ရက်၌ နေပြည်တော် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်း ဒေါပုံမြို့နယ်၊ သန်လျင်မြို့နယ်၊ သုံးခွမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်း ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ လည်းကောင်း၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်၌ လည်းကောင်း၊ ပဲခူးတိုင်း ပန်းတောင်းမြို့နယ်၊ သဲကုန်းမြို့နယ်၊ ဝေါမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့၌ လည်းကောင်း၊ ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မြန်အောင်မြို့နယ်နှင့် အိမ်မဲမြို့နယ်တို့၌ လည်းကောင်း၊ မကွေးတိုင်း ချောက်မြို့နယ်နှင့် သရက်မြို့နယ်တို့၌ လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၌ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ သထုံမြို့နယ်၊ ပေါင်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့၌ လည်းကောင်း သောက်သုံးရေ ခက်ခဲလျက်ရှိသည့် ကျေးရွာအချို့သို့ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် မေ ၁၉

မကွေးတိုင်းအတွင်း သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရန်အတွက် မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သောက်သုံးရေ ရှားပါးသော ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိရာ ရေနံချောင်းမြို့နယ် ကန်ကြီးကျေးရွာအုပ်စု၊ ငွေးကုန်းကျေးရွာ၊ ခွေးကကျေးရွာ၊ တောင်တွင်းကြီးမြို့နယ် အုန်းတော (၂)ရပ်ကွက်၊ မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာ၊ လှေ့ဝန်းတဲတိုက်၊ နတ်မောက်မြို့နယ်၊ သမုန်းပင်ကျေးရွာအုပ်စု၊ သမုန်းပင်ကျေးရွာအရှေ့၊ သမုန်းပင်ကျေးရွာအနောက်နှင့် ကျေးထူးကန်ကျေးရွာတို့အတွက် စုစုပေါင်း ရေဂါလန် ၇၆၈၀၀ကို ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းဖြန့်ဝေပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ရွှေကျင်၊ ကျောက်ကြီးနှင့် မိုင်းဖြတ်မြို့နယ်တို့၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများနင်းမိသဖြင့် အပြစ်မဲ့ပြည်သူသုံးဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၉

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ဝါးပိုးတောကျေးရွာ အရှေ့ဘက် တစ်မိုင်ခန့်အကွာ၌ မေ ၁၃ရက် နံနက် ၈နာရီခန့်တွင် ရွှေကျင်မြို့နေ မစကီနားသည် အဖော်တစ်ဦးနှင့်အတူ တညင်းသီးခူးနေစဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းယောင်းတစ်လုံး နင်းမိပြီး ယာဘက်ခြေထောက် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သဖြင့် ရွှေကျင်မြို့ ခုတင်(၁၀၀)ဆေးရုံသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

မိုင်းစထိမှန်

ထို့အတူ ကျောက်ကြီးမြို့နယ် ရေတွင်းကျေးရွာနေ ဦးစောဆဲမူးသည် သားဖြစ်သူနှင့်အတူ စက်ဘီးတစ်စီးစီဖြင့် ရွာမှထွက်လာစဉ် မေ ၁၅ရက် နံနက် ၈နာရီခွဲခန့်တွင် မုန်းတိုက်နယ် မြောင်းရိုးကြီးကျေးရွာနှင့် မွေတွင်းကျေးရွာအကြား၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပြီး ဝဲဘက်ဒူးခေါင်းအောက် မိုင်းစထိမှန်ခဲ့သဖြင့် မုန်းတိုက်နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း သိရသည်။

ဆေးဝါးကုသပေး

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် မဟီတောင်ကျေးရွာနေ ဦးယာစီးသည် မေ ၁၅ရက် မွန်းလွဲ ၂နာရီခွဲခန့်တွင် လွယ်အန်းမားတောင်ကြော၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာဘက်ခြေချင်းဝတ်အထက် ပြတ်တောက်ဒဏ်ရာရရှိခဲ့သဖြင့် မိုင်းဖြတ်မြို့ရှိ ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မေ ၁၉

မေ ၁၉ရက် နံနက် ၆နာရီ ၄၃မိနစ် ၂၀စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၁၇၂၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ၊ ဆန်ဒါရေလက်ကြား)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

လူထုအခြေပြုသည့် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး

တက္ကသိုလ်ဇော်ထူးဦး

ယနေ့ကမ္ဘာတွင် ဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။ အဆိုပါ ဘေးအန္တရာယ်များအနက် သဘာဝဘေးအန္တရာယ်များသည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက် ပျက်ယွင်းစေသည့်အပြင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အနှောင့်အယှက်ဖြစ်စေသည်။ ဟန့်တားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက အသက်အိုးအိမ်စည်းစိမ် ထိခိုက်မှုလျော့ပါးရေးကို ဦးတည်ကာ ဆောင်ရွက်လာကြသည်ကို တွေ့ရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လူထုအခြေပြုသည့် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်များ အထူးလိုအပ်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းက ထုတ်ပြန်သည့် ၂၀၀၉ ခုနှစ် ကမ္ဘာ့ဘေးဒုက္ခဆိုင်ရာ အစီရင်ခံစာတွင် အဓိက မီးမောင်းထိုးပြသည့်အချက်မှာ ကြိုတင်သတိပေးမှုနှင့် ကြိုတင်လုပ်ဆောင်မှုသည် ဘေးဒုက္ခကျရောက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုကို လျော့နည်းစေကြောင်း ဖော်ပြထားသည်။ အဆိုပါ အစီရင်ခံစာတွင် ဘေးဒုက္ခကျရောက်မှုနှင့် ဘေးအန္တရာယ်လျော့ကျရေးအတွက် အဓိကလုပ်ဆောင်သင့်သည့် အချက်နှစ်ချက်ကိုလည်း ဖော်ပြထားသည်။

ယင်းတို့မှာ ကြိုတင်သတိပေးခြင်းနှင့် ကြိုတင်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ကြိုတင်သတိပေးစနစ်များကို တပ်ဆင်ထားခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့သည့်အတွက် ယနေ့အချိန်တွင် လွန်ခဲ့သော နှစ် ၃၀ အတွင်းက ဖြစ်ပျက်ခဲ့သည့် ထိခိုက်ဒဏ်ရာရမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုတို့မှာ လျော့ကျခဲ့သည်။ ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များကြောင့် ဘေးအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးခြင်းနှင့် အချိန်မီ သတင်းဖြန့်ဖြူးနိုင်ခြင်းများသည်လည်း ဘေးအန္တရာယ်လျော့ပါးရေးကို အကျိုးပြုခဲ့သည်။ ထို့အပြင် ဒေသခံ လူထုကို အခြေပြုသည့် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသည် ဒေသတွင်း ဘေးအန္တရာယ် လျော့ပါးရေးကို အထောက်အကူပြုနေသည်။

၂၀၀၄ ခုနှစ် ဆူနာမီဘေးဒုက္ခကျရောက်မှုတွင် ကြိုတင်သတိပေးစနစ်သည် အရေးပါကြောင်း ကမ္ဘာက အာရုံစိုက်လာခဲ့ကြသည်။ သို့သော်လည်း ထိုအချိန်က အိန္ဒိယသမုဒ္ဒရာဒေသများ၌ ကြိုတင်သတိပေးစနစ်များ မရှိခဲ့ကြောင်း တွေ့ရသည်။ သို့အတွက် ထောင်ပေါင်းများစွာသော အသက်များမှာ ဆုံးရှုံးခဲ့ရသည်။ ယင်းဆူနာမီ ဘေးဒုက္ခသည် ဖြစ်တောင့်ဖြစ်ခဲသော အဖြစ်အပျက်များနှင့် နှိုင်းယှဉ်ကြည့်လျှင် ဆုံးရှုံးမှုမှာ များပြားခဲ့သည်။ လျင်မြန်စွာ ရုတ်ခြည်းဖြစ်ပွားနိုင်သော ဘေးအန္တရာယ်များအတွက် ကြိုတင်သတိပေးစနစ်နှင့် စပ်လျဉ်း၍ ထိရောက်စွာ လုပ်ဆောင်မှုများရှိခဲ့သည့် ဘင်္ဂလားဒေ့ရှ်နှင့် ကျူးဘားတို့တွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းကျရောက်ခဲ့ရာ လူထုအခြေပြုကြိုတင်သတိပေးစနစ်များကြောင့် ဘေးအန္တရာယ်မကျရောက်မီ လွတ်ကင်းသောနေရာများသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ရာ ထောင်သောင်းမကသော လူ့အသက်များကို ကယ်တင်နိုင်ခဲ့သည်။ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်လုပ်ဆောင်မှုများသည် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်သလို အရေးပေါ်အခြေအနေကို ပြန်လည်တုံ့ပြန်နိုင်ရန်အတွက် ပိုမိုထိရောက်သော ရေရှည်လုပ်ငန်းအစီအစဉ်ဖြစ်သည်။ ကြိုတင်သတိပေးခြင်းနှင့် ကြိုတင်ပြင်ဆင်ထားခြင်းတို့သည် ထောင်ပေါင်းများစွာသောအသက်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကယ်တင်နိုင်သည်။ ထို့အပြင် ထိခိုက်ပျက်စီးမှုကို လျော့ပါးစေပြီး ခံနိုင်ရည်စွမ်းအားကိုလည်း မြှင့်တင်ပေးနိုင်သည်။ ဒေသခံလူထု ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းသည်လည်း ကြုံတွေ့လာမည့် ဘေးအန္တရာယ်များကို ရင်ဆိုင်နိုင်သည့်အပြင် ဆင်းရဲသောနိုင်ငံများအတွက် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခြင်းကို ကာကွယ်နိုင်မည်ဖြစ်သည်။

၂၀၀၈ခုနှစ် မေလက မြန်မာနိုင်ငံတွင် တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတွင် သေဆုံးသူ ၁၃၀၀၀၀ ကျော်ရှိခဲ့ပြီး ၂၀၀၄ ခုနှစ်က အိန္ဒိယသမုဒ္ဒရာတွင်ဖြစ်ပွားခဲ့သော ဆူနာမီတွင် လူပေါင်း ၂၅၀၀၀၀ အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းဖြစ်ရပ်များသည် ပင်လယ်ကမ်းခြေဒေသများ၌ သတိပေးစနစ်များ၊ စခန်းများတည်ဆောက်ထားခြင်းမရှိသည့်အတွက် ဖြစ်သည်။ ထိုသို့ကြီးမားသည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်သတိပေးစနစ်များထားရှိရေးသည် ကမ္ဘာလုံးဆိုင်ရာ အလေးဂရုပြုရမည့်ကိစ္စပင်ဖြစ်သည်။

ဘေးအန္တရာယ်အမျိုးအစားအလိုက် သတိပေးစနစ်များကိုတီထွင်ကာ ဘေးအန္တရာယ်ဖြစ်ပွားမှုများသော နိုင်ငံနှင့်ဒေသများတွင် တပ်ဆင်လာကြသည်။ လေဆင်နှာမောင်း သတိပေးစနစ်များ၊ ရေဘေးသတိပေးစနစ်များ၊ ဆိုင်ကလုန်းမုန်တိုင်း သတိပေးစနစ်များ၊ မီးတောင်ပေါက်ကွဲမှု သတိပေးစနစ်များ တပ်ဆင်လာကြသည်ကိုတွေ့ရသည်။

ကြိုတင်အသိပေးခြင်းသည် လူ့အသက်ပေါင်းများစွာနှင့် ပစ္စည်းဥစ္စာဆုံးရှုံးမှုကို လျော့ကျစေနိုင်သည့်အတွက် နိုင်ငံများအနေဖြင့် ဘေးအန္တရာယ် ဖြစ်ပွားလေ့ရှိသော၊ ဖြစ်ပွားနိုင်သောဒေသများတွင် ကြိုတင်သတိပေးစခန်းများကို တည်ဆောက်ကာ ကြိုတင်ထောက်လှမ်းရေးကိရိယာများကို တပ်ဆင်လျက်ရှိကြသည်။ အလားတူ ကြိုတင်လုပ်ဆောင်မှုသည်လည်း ဘေးအန္တရာယ်ဖြစ်ပွားမှုကို လျော့ကျစေနိုင်သည့်အတွက် ဒေသခံ ပြည်သူလူထုများအနေဖြင့် ဘေးအန္တရာယ်ကျရောက်ပါက တုံ့ပြန်ရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။

ဘေးအန္တရာယ်ထိခိုက်ခံစားရမှု လျော့ပါးရေးအတွက် ဒေသခံလူထုအနေဖြင့် မိမိဒေသအတွင်း ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်များကို မိမိတို့ ကိုယ်တိုင် ရှာဖွေဖော်ထုတ်ပြီး ဒေသအတွင်းရရှိနိုင်မည့် စွမ်းအားအရင်းအမြစ်များဖြင့် တုံ့ပြန်နိုင်မည့် အစီအစဉ်များကို ရေးဆွဲထားရမည်ဖြစ်သည်။ ဘေးအန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံမှ ဆောင်ရွက်ခြင်းထက် မကြုံတွေ့မီ ကြုံတွေ့နိုင်မည့်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ သို့မှသာ ပျက်စီးဆုံးရှုံးမှု နည်းပါးသက်သာစေမည်ဖြစ်သည်။ ဘေးအန္တရာယ်ဖြစ်ပွားလေ့ရှိသော၊ ဖြစ်ပွားနိုင်သော ဒေသအတွင်းနေထိုင်သူများအနေဖြင့် ရင်ဆိုင်ရမည့် အန္တရာယ်များကို ဒေသဓလေ့အစဉ်အလာအရ တုံ့ပြန်ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားရမည်ဖြစ်သည်။

ထိုသို့ အစီအစဉ်များရေးဆွဲရာတွင် တစ်ဦးချင်းပြင်ဆင်မှု၊ မိသားစုအလိုက်ပြင်ဆင်မှု၊ လူထုအဖွဲ့အစည်းအလိုက်ပြင်ဆင်မှုများ ပါဝင်ရမည်ဖြစ်သည်။ တစ်ဦးချင်းပြင်ဆင်မှုအဖြစ် မိမိအတွက်လိုအပ်သော အဝတ်အစား၊ ဆေးဝါး၊ အသုံးအဆောင်စသည်များကို အသင့်ထုပ်ပိုးထားရမည်။ မိသားစုအလိုက်ပြင်ဆင်မှုအဖြစ် အသင့်စားစရာသောက်စရာများ၊ ပစ္စည်းပစ္စယများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပစ္စည်းကိရိယာများကို ထုပ်ပိုးသိမ်းဆည်းထားခြင်း၊ မိသားစုဝင် ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မစွမ်းမသန်ဖြစ်နေသူများ၏ ကျန်းမာရေးနှင့် ရွှေ့ပြောင်းနေရာချထားရေးဆိုင်ရာများကို စီစဉ်ထားရမည်ဖြစ်သည်။

လူထုအဖွဲ့အစည်းအလိုက် ပြင်ဆင်မှုအဖြစ် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် လူထုကော်မတီများကို ဖွဲ့စည်းထားရှိပြီး မိမိတို့ရပ်ရွာအတွင်း ဘေးအန္တရာယ်ကျရောက်စဉ် ခိုလှုံရန်နေရာများ၊ ရွှေ့ပြောင်းရေးအစီအစဉ်၊ ဆက်သွယ်ရေးစနစ်၊ သောက်သုံးရေ၊ အိမ်သာနှင့် သန့်ရှင်းရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများကို ကြိုတင်စီစဉ်ထားရမည်။ ထို့အပြင် ဘေးအန္တရာယ်ဆိုင်ရာ သတင်းများ၊ သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ချက်နှင့် ညွှန်ကြားချက်များကို လူထုသိရှိစေရန်အတွက် အသိပေးမှုများကိုလည်း ဆောင်ရွက်ရမည်။

ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်သတိပေးမှုသည် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ဒေသတစ်ခုအတွင်း ဘေးအန္တရာယ်များ ဖြစ်ပွားလေ့ရှိသောအချိန်၊ ဖြစ်ပွားနိုင်သည့်ပမာဏ၊ ဖြစ်ပွားပါက ထိခိုက်မှုအတိုင်းအတာ၊ လွတ်ကင်းသက်သာနိုင်သည့် နည်းလမ်းစသည်တို့ကို ကြိုတင်သိရှိစေရန် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် အသိပေးခြင်း၊ သတိပေးခြင်းများ ဆောင်ရွက်ရန် လိုအပ်သည်။

အဆိုပါ ကြိုတင်သတိပေးချက်များကို လူထုနားလည်ပြီး နိုးကြားမှုရှိနေပါက ကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်နိုင်စေရန် ကြိုတင်လုပ်ဆောင်မှုများကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အတားအဆီး၊ ခိုလှုံစရာနေရာ၊ ရွှေ့ပြောင်းမည့်လမ်းကြောင်း၊ သယ်ပို့မည့်အစီအစဉ်၊ အသက်ကယ်နည်းလမ်း၊ ဦးစားပေးရမည့်လူများစသဖြင့် စီစဉ်ထားနိုင်မည်ဖြစ်ပါသည်။

ယင်းအစီအစဉ်များကို တစ်ဦးတည်းဆောင်ရွက်၍မရသလို ဒေသခံမဟုတ်သူများအနေဖြင့်လည်း လုပ်ဆောင်ပေး၍ မရပါ။ ဒေသခံ လူထုအားလုံး ပူးပေါင်းပါဝင် လုပ်ဆောင်မှသာ ရရှိမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့ဒေသ၏ ပထဝီဝင်အနေအထား၊ ဖြစ်ပွားနိုင်သောဘေးအန္တရာယ်၊ တုံ့ပြန်နိုင်မည့်နည်းလမ်း၊ ရရှိနိုင်မည့် အရင်းအမြစ်များကို မိမိတို့သာ အသိဆုံးဖြစ်သည်။ သို့ဖြစ်၍ ရင်ဆိုင်တွေ့ကြုံလာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို လူထုအားလုံး ပူးပေါင်းပါဝင်မှုဖြင့် ရင်ဆိုင်တုံ့ပြန်ကာ ပျက်စီးဆုံးရှုံးမှုလျော့နည်းအောင် ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မေ ၁၉

အလင်္ကာကျော်စွာ ပန်းချီ ဦးစောမောင် စာအုပ်မိတ်ဆက်ပွဲ

အလင်္ကာကျော်စွာ ဦးစောမောင်၏ သားဖြစ်သူ ခင်မောင်ကြည်(မန္တလေး) ရေးသားပြုစုသော အလင်္ကာကျော်စွာ ပန်းချီ ဦးစောမောင်၏ စာအုပ်မိတ်ဆက်ပွဲကို မေ ၁၄ ရက် မွန်းလွဲ ၁ နာရီက ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၌ကျင်းပရာ မြန်မာနိုင်ငံရိုးရာ ပန်းပညာ ရှင်များ အစည်းအရုံး(ဗဟို)မှ ဦးသန့်စင်(တင်လှထွန်း)က ပန်းချီဆရာကြီး ဦးစောမောင်၏ အောင်မြင်မှုရခဲ့ပုံကို ပြောကြားပြီး စာရေးသူ ခင်မောင်ကြည် (မန္တလေး)က ဖခင်အလင်္ကာကျော်စွာ ဦးစောမောင်၏ စာအုပ်ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရာသီဥတုပြောင်းလဲခြင်းအကျိုးသက်ရောက်မှု ဟောပြောမည်

မြန်မာနိုင်ငံဆရာဝန်အသင်းက ကြီးမှူး၍ ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုအကြောင်း ဟောပြောပွဲကို မေ ၂၁ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပမည်ဖြစ်သည်။

ကုန်စည်ပို့ဆောင်မှုလုပ်ငန်းရှင်များအသင်းနှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ (၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဖိုးစိန်လမ်းရှိ ချက်ထရီယမ်ဟိုတယ် Ballroom(2) ၌ မေ ၂၂ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

သူနာပြုတက္ကသိုလ်(ရန်ကုန်) မြတ်ဆရာပူဇော်ပွဲ

သူနာပြုသင်တန်းကျောင်း(ရန်ကုန်/မော်လမြိုင်)၌ ၁၉၅၅ မှ ၁၉၈၈ ခုနှစ်အထိ သူနာပြုသင်တန်း တက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ယခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၅၀၀၁၀၆၊ ၅၄၁၄၃၂နှင့် ၅၈၆၇၈၃ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

တူဒေးစာအုပ်တိုက် စာအုပ်မိတ်ဆက်ပွဲများကျင်းပမည်

တူဒေးစာအုပ်တိုက်၏ ရောင်စုံဆေးခြယ်စာအုပ်မိတ်ဆက်ပွဲနှင့် ပလုတ်တုတ်ကာတွန်းဇာတ်ကောင်များ ရေးဆွဲနည်း စာအုပ်များမိတ်ဆက်ပွဲကို ရန်ကုန်မြို့ မြေနီကုန်း ဂမုန်းပွင့်ကုန်တိုက်ရှိ တူဒေးစာအုပ်ဆိုင်တွင် မေ ၂၂ရက် (စနေနေ့) မွန်းလွဲ ၂ နာရီ၌ ကျင်းပမည်ဖြစ်ပြီး ပါဝင်ရေးဆွဲထားကြသော ကာတွန်းဆရာများက ကာတွန်းဇာတ်ကောင်များကို အမှတ်တရ ရေးဆွဲပေးမည်ဖြစ်သည်။

ရဲလေး၏ တတိယကာရန် ဗွီစီဒီ ဖြန့်ချိ

ယနေ့ပြာစ်ပော့ပ်ဂီတ၌ လူငယ်များ နှစ်သက်အားပေးကြသော ရဲလေး၏ တတိယကာရန် အမည်ရှိ တေးစီးရီးကို ဗွီစီဒီ၊ ဒီဗွီဒီအဖြစ် မေ ၂၂ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။

အယုံလွယ်သူ တေးစီးရီးအမှတ်တရ လက်မှတ်ရေးထိုးပွဲ

သီချင်းအေးအေးချိုချိုများ သီဆိုတတ်သော အမျိုးသမီးအဆိုရှင်တစ်ဦးဖြစ်သူ ခင်ဘုဏ်း၏ အယုံလွယ်သူ တေးစီးရီး ဗွီစီဒီ၊ ဒီဗွီဒီ ဖြန့်ချိမှုအဖြစ် အမှတ်တရ လက်မှတ်ရေးထိုးပွဲကို မေ၂၃ရက်(တနင်္ဂနွေ)ညနေ ၄နာရီတွင် စိန်ဂေဟာ (လှည်းတန်း) နှင့် ညနေ ၆ နာရီတွင် ဂမုန်းပွင့်ကုန်တိုက်(ကမ္ဘာအေး)တို့တွင် ပြုလုပ်မည်ဖြစ်သည်။

ကွန်ပျူတာပညာရှင်အသင်း စာမေးပွဲများ ကျင်းပမည်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြု စာမေးပွဲများကို ဇွန် ၂၀ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်၌ ကျင်းပမည်ဖြစ်ပြီး အသင်းခွဲများရှိရာ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်းနှင့်ရှမ်းပြည်နယ်တို့တွင်လည်း တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ရာ စာမေးပွဲဖြေဆိုလိုသူများ မေ၂၄ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

ဥာဏ်အလင်းစာကြည့်တိုက်အဆောက်အအုံ တိုက်ကြီးမြို့နယ်၌ ဖွင့်လှစ်

ရန်ကုန် မေ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဆင်စခန်းကျေးရွာအုပ်စု ကန်သာယာကျေးရွာ၌ ဥာဏ်အလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်သီတာစမ်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်ညိုတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး မြို့နယ်အတွင်းရေးမှူးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က သုတ၊ ရသ စာအုပ် စာစောင် ၁၂၅ အုပ်နှင့် ရေဒီယိုတစ်လုံးတို့ကို ပေးအပ် လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးနိုင်ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အာဆီယံဒေသ သစ်တောကဏ္ဍဆိုင်ရာ မူဝါဒများချမှတ်
အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (၆)ကြိမ်မြောက် အစည်းအဝေး

6th Meeting of ASEAN Expert Group on
International Forest Policy Processes (AEG-IFPP)

jointly organized by
Ministry of Forestry and ASEAN Secretariat

Nay Pyi Taw, Myanmar 20-21 May, 2010

မလေးရှားနိုင်ငံတွင် ကျင်းပမည့် AFC U-14 Festival of football 2010 ပြိုင်ပွဲဝင်ရန် လေ့ကျင့်နေသည့် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအား (သုဝဏ္ဏ) စက်ဘီးလေ့ကျင့်ရေးကွင်း၌ တွေ့ရစဉ်။

မြန်မာ့လက်ရွေးစင် (လူငယ်)အမျိုးသားအသင်း AFC U-14 Festival of Football ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည်

➤ သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း) ➤

ရန်ကုန် မေ ၁၉

မလေးရှားနိုင်ငံတွင် ဇွန် ၁ရက်မှ ၆ရက် အထိကျင်းပမည့် AFC U-14Festival of Football ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် (လူငယ်) အမျိုးသားအသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

ပြိုင်ပွဲတွင် မြန်မာလူငယ်လက်ရွေးစင် အသင်းနှင့်အတူ ဩစတြေးလျ၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဘရူနိုင်း အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်ကန်စနစ်ကို ကျင့်သုံးယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

လေ့ကျင့်ပေး

အဆိုပါပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ နည်းပြချုပ် ဦးဘုန်းနိုင် (သစ်တောရေးရာ)အား တွေ့ဆုံမေးမြန်းရာ နည်းပြချုပ်က “မိမိတို့ အသင်းအနေဖြင့် ယခုပြိုင်ပွဲယှဉ်ပြိုင်ရခြင်းမှာ အာရှတိုက်မှ ငယ်ရွယ်သည့် ဘောလုံးသမားများ နိုင်ငံတကာအတွေ့အကြုံရရှိ၍ သက်တန်းအလိုက် အတွေ့အကြုံရရှိရန် အသက် ၁၃နှစ်အောက်နှင့် ၁၄နှစ်အောက်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုပြိုင်ပွဲကို စဉ်ဆက်မပြတ် ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ ယင်းသို့ ဝင်ရောက်ဆင်နွှဲခဲ့သည့်အတွက် အတွေ့အကြုံကို အမိကထားပါကြောင်း၊ ယင်းပြိုင်ပွဲတွင် ဆုမပေးသော်လည်း သက်ဆိုင်ရာနိုင်ငံအလိုက် အဆင့်ကို မှတ်တမ်းတင်ထားပါကြောင်း၊ ယမန်နှစ် ၁၃နှစ်အောက် ပြိုင်ပွဲဝင်ကလေးများသည် အသက် ၁၅နှစ်၊ ၁၆နှစ်၊ ၁၇နှစ် စသည့် သက်တန်းအလိုက်ပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲခွင့်ရပြီး မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအတွက် အထောက်အကူဖြစ်နိုင်ကြောင်း၊ ယခုပြိုင်ပွဲဝင်ကလေးများထဲမှ လက်ရွေးစင်ဖြစ်ရန် အလားအလာရှိပြီး ယခုတည်းက စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာ အဓိကထား လေ့ကျင့်ပေးလျက်ရှိကြောင်း” စသည်ဖြင့် သတင်းအဖွဲ့သို့ ပြောကြားသည်။

ရွေးချယ်

မြန်မာလူငယ် အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါက်တာကျော်သူအောင်၊ နည်းပြချုပ်အဖြစ် ဦးဘုန်းနိုင်(သစ်တောရေးရာ)၊ လက်ထောက်နည်းပြအဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း ဦးသန်းဝေ၊ ဂိုးသမားများအဖြစ် ကယားပြည်နယ်မှ ခွန်တီးလွေနှင့် အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ မင်းသူ၊ နောက်တန်း ကစားသမားများအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနသိပ္ပံ (ရန်ကုန်) မှ နန်းဝေမင်း၊ ကျော်မင်းနိုင်နှင့် အောင်မြင့်မြတ်၊ ကယားပြည်နယ်မှ ဘော်ရယ်၊

အသက် ၁၄နှစ်အောက် လူငယ်လက်ရွေးစင်ဘောလုံးအသင်း နည်းပြချုပ် ဦးဘုန်းနိုင်က ကြိုတင်လေ့ကျင့်ပြင်ဆင်မှု အခြေအနေနှင့် ပတ်သက်၍ ရှင်းပြစဉ်။

မန္တလေးတိုင်းမှ ကျော်ကျော်စိုးနှင့် ကျော်ခိုင်မျိုး၊ ကချင်ပြည်နယ်မှ သန့်ဇင်ဦး၊ အလယ်တန်း ကစားသမားများအဖြစ် အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ နေဇာလင်းနှင့် စစ်မင်း၊ ကချင်ပြည်နယ်မှ ငြိမ်းချမ်းအောင်၊ ရတနာပုံအကယ်ဒမီမှ ထင်မင်းလတ်၊ ရန်ကုန်တိုင်းမှ စည်သူထွန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနသိပ္ပံ (ရန်ကုန်)မှ ကျော်ကိုကိုဟိန်းနှင့် ကျော်ညီညီဟိန်း၊ ရှေ့တန်းကစားသမားများအဖြစ် အမှတ် (၃) အခြေခံပညာဦးစီးဌာနမှသန်းဌေး၊ ရတနာပုံ အကယ်ဒမီမှ ဇော်ဇော်အောင်၊ ဝဏ္ဏနှင့် ထွန်းလင်းအောင်တို့အား အပြီးသတ် ရွေးချယ်၍ သုဝဏ္ဏရှိ စက်ဘီးလေ့ကျင့်ရေးကွင်း(ဘောလုံးကွင်း)၌ လေ့ကျင့်ပေးလျက်ရှိကြောင်းသိရသည်။ ။ **(မြန်မာ့အလင်း)**

ဖူဆယ် အလွတ်တန်းပြိုင်ပွဲ ယခုလအကုန်တွင် ကျင်းပမည်

ရန်ကုန် မေ ၁၉

ဖူဆယ် ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တံခွန်စိုက် ဖူဆယ်အလွတ်တန်းပြိုင်ပွဲကို မေလအကုန်တွင် ကျင်းပသွားမည် ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသည့် အသင်းများအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၅၇၇၃၆၆၊ ၅၆၁၃၁၉၊ ဖူဆယ်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်တင် ဖုန်း-၀၉-၅၀-၁၅၅၆၁၊ ဖူဆယ်ဆပ်ကော်မတီ အတွင်းရေးမှူး ဦးကြည်မင်းသိမ်း ဖုန်း-၀၉-၈၀-၃၀၅၂၂တို့သို့ အသေးစိတ် ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း ကိုယ်စားပြုအသင်းများအပြင် အလွတ်တန်းအသင်းများကိုလည်း ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည် ဖြစ်ပြီး ဆုကြေးများလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၉

၂၀၁၀ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (President's Cup Tennis Tournament) တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတို့ကို မေ ၁၄ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ FRESH (Air Conditioning System) (Gunkul Engineering Supply Co., Ltd.) မှ ဦးဇေယျာသူရမွန်က အမျိုးသား အသက် ၁၂နှစ်အောက် မျိုးဆက်သစ် လူငယ်တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဖြိုးသူလွင်၊ ဒုတိယ မင်းသိန်းကျော်၊ ပူးတွဲတတိယ အောင်သော်ခန့်နှင့် လွင်မိုးတို့အား လည်းကောင်း၊ Canon (Accel International Co., Ltd.) မှ Mr. Alvin Law က အမျိုးသမီး အသက် ၁၄နှစ်အောက် မျိုးဆက်သစ် လူငယ်တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ မိုးဒေဝီ၊ ဒုတိယ ခင်နန္ဒာဇော်၊ ပူးတွဲတတိယ နွေဦးမွန်နှင့် ဝေလှိုင်စုတို့အားလည်းကောင်း၊ Max Cement (Max Myanmar Co., Ltd.) မှ ဦးမောင်မောင်သက်က အမျိုးသားအသက် ၁၄နှစ်အောက် မျိုးဆက်သစ်လူငယ် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဇော်ဆန်းဦး၊ ဒုတိယ ဟိန်းလှထူး၊ ပူးတွဲတတိယ ဖြိုးသူလွင်နှင့် လွင်မိုးတို့အား လည်းကောင်း၊ 100 PLUS (Myanmar Distribution Group Co., Ltd.) မှ ဦးဖြိုးမင်းနိုင်က အမျိုးသား အသက် ၁၆နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ နောင်စစ်သူဇော်၊ ဒုတိယ နိုင်ဦး၊ ပူးတွဲတတိယ အာကာကျော်နှင့် ဝင်းနိုင်ဦးတို့အား လည်းကောင်း၊ Calsome (Myanmar Distribution Group Co., Ltd.) မှ Mr.Danny Goh က အမျိုးသား အသက် ၁၈နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ နောင်စစ်သူဇော်၊ ဒုတိယ ရာဇာထွန်း၊ ပူးတွဲတတိယ နိုင်ဦးနှင့် သော်ဇင်စိုးတို့အား လည်းကောင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးလေးနိုင်က အသက် ၅၅ နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဦးသိန်းအောင်၊ ဒုတိယ ဦးကျော်တင့်၊ ပူးတွဲတတိယ ဦးဂျော်နီနှင့် ဦးအောင်လွင်တို့အား လည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

နှစ်ယောက်တွဲပြိုင်ပွဲ

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲ (Men's Double Open) ပြိုင်ပွဲတွင် ပထမ မင်းမင်းနှင့် ဖြိုးမင်းသာအတွဲ၊ ဒုတိယ အေးထွန်းနှင့် အောင်မိုးအတွဲ၊ ပူးတွဲတတိယ ခင်မောင်ဝင်းနှင့် တူးတူးဂျာအတွဲနှင့် အောင်ကျော်နိုင်နှင့် အောင်ကိုဦးအတွဲတို့အား လည်းကောင်း၊ အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ (Men's Singles Open) တွင် ပထမ ငယ်နှောင်း၊ ဒုတိယ ခင်မောင်ဝင်း၊ ပူးတွဲတတိယ အိုက်ကျောက်နှင့် တူးတူးဂျာတို့အား လည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ပထမရရှိသော Excellent Unity အသင်း၊ဒုတိယရရှိသော ကမ္ဘောဇအသင်း၊ ပူးတွဲတတိယရရှိကြသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် YCDC အသင်းတို့အား တံခွန်စိုက်ဆုများနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာ့တင်းနစ် အားကစားလောက ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရည်ရွယ်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ ပံ့ပိုးကူညီသည့်အနေဖြင့် အလှူငွေများကို ပေးအပ်ကြရာ Calsome (Myanmar Distribution Group Co., Ltd.) က ငွေကျပ်သိန်း ၃၀၊ 100 PLUS (Myanmar Distribution Group Co., Ltd.),Max Cement (Max Myanmar Co., Ltd.),Canon(Accel International Co.,Ltd.),FRESH (Air Conditioning System) (Gunkul Engineering Supply Co.,Ltd.)နှင့် Ayer Shwe Wah Co., Ltd. တို့က ငွေကျပ် ၁၅သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံသည်။ ကျန်ဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲနှင့်ပတ်သက်သည့် Presentation အား ဖီဖာသို့တင်ပြရန်ရှိ

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာနေရှင်နယ်လိဂ် (MNL) ပြိုင်ပွဲနှင့် ပတ်သက်သည့် Presentation ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)မှ ကြီးမှူးကျင်းပမည့် FIFA Club Management Instrustor Workshop တွင် တက်ရောက်တင်ပြရမည်ဖြစ်သည်။

ဖိတ်ကြား

မြန်မာနိုင်ငံနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ အချိန်တိုအတွင်း တိုးတက်အောင်မြင်မှုကို ဖီဖာက အသိအမှတ်ပြု ချီးကျူးလျက်ရှိပြီး လိုအပ်သည့် ကူညီပံ့ပိုးမှုများပေးနိုင်ရန် ရည်ရွယ်၍ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ လာမည့် ဇွန် ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် အဆိုပါ အခမ်းအနားသို့ တက်ရောက်၍ MNL Presentation ကို တင်ပြဆွေးနွေးပေးရန် ဖီဖာက ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ FIFA Workshop သို့ မြန်မာနိုင်ငံအပါအဝင် ပရော်ဖက်ရှင်နယ်လိဂ်အား အကောင်အထည်ဖော် ကျင်းပလျက်ရှိသော ဖီဖာအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များလည်း တက်ရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး တစ်ဦးဦးတက်ရောက်ဆွေးနွေးတင်ပြရန် ဖိတ်ကြားထားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးတင်အောင်က တက်ရောက်ရှင်းလင်းတင်ပြမည်ဟုလည်း သိရသည်။

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

20-5 (11).pmd 1 5/20/2010, 4:30 AM

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ တိုက် (၄၉)၊ အခန်း (၇)(က)တွင် ပါတီရုံးချုပ်တည်ရှိသော အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉-၅-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ အလံပုံစံ

အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ဘီပီအိုင်လမ်း၊ အမှတ် (၂၇၇)တွင် ပါတီရုံးချုပ်တည်ရှိသော ချင်းအမျိုးသားပါတီ (Chin National Party) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉-၅-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ချင်းအမျိုးသားပါတီ (Chin National Party) ၏ အလံပုံစံ

ချင်းအမျိုးသားပါတီ (Chin National Party) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စုတွင် ပါတီရုံးချုပ်တည်ရှိသော ဝံသာနု NLD(ပြည်ထောင်စုမြန်မာနိုင်ငံ)က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉-၅-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)၏ အလံပုံစံ



ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ် (၁၅၀)တွင် ပါတီရုံးချုပ်တည်ရှိသော မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉-၅-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ



မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာအမျိုးသမီးဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီးဘောလုံးကျွမ်းကျင်သူ လာရောက်အကူအညီပေးမည်

ရန်ကုန် မေ ၁၉

မြန်မာအမျိုးသမီးဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) မှ အမျိုးသမီးဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေးသင်ကြားကူညီမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

စေလွှတ်

မြန်မာအမျိုးသားလက်ရွေးစင်အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည် စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီးဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများပေးရန် ဆက်သွယ်တင်ပြတောင်းခံခြင်းကြောင့် ဂျာမနီအမျိုးသမီး လက်ရွေးစင်ကစားသမားဟောင်းနှင့် နည်းစနစ်ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs.Monika Staab အား ယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်းဖြစ်သည်။

လေ့ကျင့်ပြင်ဆင်

၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs.Monika Staabသည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၊ လူငယ်လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့်ပြင်ဆင်မှုများ၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကို စစ်ဆေးကြပ်မတ်အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာအမျိုးသမီးဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည်ဖြစ်သည်။

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

Myanmar Double Strong မှ အရောင်းဌာန မန်နေဂျာ ဦးသိန်းထွန်းအောင် ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(ပိုက်ကျော်ခြင်းအဖွဲ့ချုပ်)

Myanmar Double Strong Sepaktakraw Champion 2010(Mandalay) ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ

ရန်ကုန် မေ ၁၉

မန္တလေးတိုင်း အားကစားနှင့်ကာယပညာကော်မတီနှင့် Myanmar Double Strong တို့ ပူးပေါင်းကျင်းပသည့် Myanmar Double Strong Sepaktakraw Champion 2010 (Mandalay) ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို မေ ၁၇ရက်က မန္တလေးမြို့ ဗထူးအားကစားကွင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ကျင်းပရာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး Myanmar Double Strong မှ အရောင်းဌာန မန်နေဂျာ ဦးသိန်းထွန်းအောင်က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ကို ရွတ်ဆိုကြပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မေ ၂၁ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အလွတ်တန်း ကျား-သုံးယောက်တွဲပြိုင်ပွဲ၌ ၁၅သင်း၊ အလွတ်တန်း ကျား-နှစ်ယောက်တွဲပြိုင်ပွဲ၌ ၅၄သင်း စုစုပေါင်း ၆၉သင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ကြည့်ရှုအားပေးနိုင်

ယင်းပြိုင်ပွဲ၌ ဆုကြေးများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ပြီး နေ့စဉ်နံနက် ၈နာရီမှစတင်၍ ပြိုင်ပွဲများကို ကျင်းပကာ အားကစားဝါသနာရှင်များ အခမဲ့ကြည့်ရှုအားပေးနိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမား ဝင်းထွန်းဦး ဗီယက်နမ် ပရော်ဖက်ရှင်နယ်ဘော်လီဘောကလပ် ARMY-5 အသင်း၌ ပါဝင်ကစားရန် ထွက်ခွာ

ရန်ကုန် မေ ၁၉

မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမား ဝင်းထွန်းဦးသည် မေ၂၀ရက်မှစတင်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ကျင်းပမည့် ဗီယက်နမ်ပရို ဘော်လီဘောလိဂ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် VIETNAM PROFESSIONAL VALLEYBALL CLUB ARMY-5 ဘော်လီဘောအသင်း၌ ပါဝင်ကစားရန်အတွက် မေ၁၈ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ**(ယာပုံ)** အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်၊ နည်းပြမြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားဟောင်း ဦးရဲမြင့်တို့နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယှဉ်ပြိုင်ကစား

မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမား ဝင်းထွန်းဦးသည် ၂၀၀၉ ခုနှစ် မတ်လတွင် အင်ဒိုနီးရှားပရိုလိဂ် ဘော်လီဘောပြိုင်ပွဲ၌ ပထမအကြိမ်၊ ၂၀၁၀ ခုနှစ် မတ်လ၌ ကျင်းပခဲ့သော ဗီယက်နမ်ပရိုလိဂ် ဘော်လီဘောပြိုင်ပွဲ၏ ပထမအကျော့ပြိုင်ပွဲတွင် ဒုတိယအကြိမ်နှင့် ၂၀၁၀ ခုနှစ် မေလတွင်ကျင်းပမည့် ဗီယက်နမ်ပရိုလိဂ် ဘော်လီဘောပြိုင်ပွဲ၏ ဒုတိယအကျော့ပြိုင်ပွဲ၌ တတိယအကြိမ် စုစုပေါင်းသုံးကြိမ် ပြည်ပနိုင်ငံများ၌ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိအမြဲရှိ

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

လှိုင်ကော်တက္ကသိုလ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ Laboratory Equipment (Digital balance, Audio Signal Gcnerator, Frequency Generator, Travelling Microscope, Balance and Weight Box, Polarizing Microscope, Topen Auto Level (Fully Water Prof) ALISATE Top Auto Level, GPS, Dissecting Microscope, (၁၀) မျိုး

၂။ Sports Equipment (၁) မျိုး

၃။ Machinery and Equipment (PABX Telephone System (32 Units), Multimedia Projector (၂) မျိုး

၄။ Office Equipment (Laser Printer, Computer Set) (၂) မျိုး

၅။ Furniture [Stool(Iron), One Armed Chair, Reading Table, ReadingChair, File Rack, Lecture Stand, Table (2 Drawers), Safe Box (Fire), Combined Desk (Iron), Armed Chair, Officer Table] (၁၁) မျိုး

၆။ တင်ဒါပိတ်မည့်ရက်မှာ ၂၈-၅-၂၀၁၀ ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိလိုပါက လှိုင်ကော်တက္ကသိုလ် တယ်လီဖုန်းအမှတ် ၀၈၃-၂၁၈၆၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကော်မတီ
လှိုင်ကော်တက္ကသိုလ်။

စိန်တစ်လုံး သရက်ခြံ ရောင်းမည်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့၊ ရွှေပုထိုးကျေးရွာ၊ အင်းလျားကန် အနီး ၂၅ဧက၊ ခြောက်နှစ်သား အပင်၉၀၀၊ လေးနှစ်သား အပင် ၁၀၀၀၊ နှစ်ထပ်တိုက် တစ်လုံး၊ တစ်ထပ်တိုက် တစ်လုံး၊ ရေစုပ်စက် ပိုက်အစုံပါ။

စုံစမ်းရန် ဖုန်း-၀၈၁-၆၆၂၃၄။

Primary and Secondary classes are available @ RV! Academy

You are cordially invited to come and meet our Managing Director at RV! Library, 2nd Floor at Parkroyal Hotel, on 22nd May 2010, 9:00 am.

For more information, please contact to 242410,253538,541886, 551697,250388(Ext 352)

အမွေပြတ်စွန့်လွှတ်ခြင်း

ဇီးကုန်းမြို့နယ်၊ ကံကလေးအုပ်စု သစ်စင်(တောင်စု) ကျေးရွာနေ ကျွန်မ၏သား မောင်သန့်စင်မင်း ၇/ဇကန(နိုင်)၀၅၀၀၃၀သည် မိခင်၏ဆိုဆုံးမစကားကို နားမထောင်ဘဲ၊ ခွင့်မလွှတ်နိုင်သော ကိစ္စများကို ပြုလုပ်ပြီး ၎င်း၏ ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စများကိုလည်း လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

မိခင် ဒေါ်တင်ညွန့်
၇/ဇကန(နိုင်)၀၂၈၃၃၄။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၉၈၄၈ Toyota Corolla(CEW)S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၁၂/ မဂဒ(နိုင်) ၀၀၇၄၃၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေး၊တောင်ပိုင်း) မန္တလေးမြို့။

မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အလက(၁)၊ န၀မတန်း(C)မှ မရွှယ်နှောင်း၏ မိဘအမည်မှန်မှာ ဦးသန်းထွန်းလေးနှင့် ဒေါ်ဂျာရှင် ၁/ကမန(နိုင်)၀၁၁၃၃၅ ဖြစ်ပါသည်။

ဖခင်အမည်မှန်

စမ်းချောင်းမြို့နယ်၊ အလက(၃) တတိယတန်းမှ မောင်ရှဒန်ဇော်ဂေါင်၏ ဖခင်အမည်မှန်မှာ ဦးရှဒန်နော်ဆိုင်း ၁/ မကန(နိုင်) ၀၇၄၄၀၀ဖြစ်ပါကြောင်း။ **ဦးရှဒန်နော်ဆိုင်း။**

သင့်သွေးဖြင့် အသက်ကယ်ပါ

ပျောက်ဆုံးကြောင်း

ကျွန်မ နော်ရင်ကြည် ၁၃/ဖခန(နိုင်) ၀၀၃၇၅၂ နိုင်ငံကူးလက်မှတ်အမှတ် ၂၅၂၁၈၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၂၂၈၁၃။**



ရှေးဦးသူနာပြုစုခြင်း (၂/၂၀၁၀)သင်တန်းဆင်းပွဲ မိုးကောင်းမြို့နယ်၌ ကျင်းပ

မိုးကောင်း မေ ၁၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း အခြေခံအဆင့် သင်တန်းအမှတ်စဉ်(၂/၂၀၁၀)ဆင်းပွဲကို မေ ၁ ရက် နံနက် ၉နာရီခွဲက ကျွန်းပင်သာကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ကျင်းပရာ မြို့နယ်ကြက်ခြေနီ အသင်းဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်မောင်ထွန်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မျိုးလွင်နှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ထွေးတို့ကအမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၈ဦး တက်ရောက်ကြသည်။ (၀၀၁)

မိုးမောက်၌ မြန်မာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ပရိဘောဂ၊ မီဒီယာပစ္စည်းနှင့် စာအုပ်စာစောင်များ လှူဒါန်း

မိုးမောက် မေ ၁၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မန်နောင်ကျေးရွာ မြန်မာ့အလင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင်၊ ပရိဘောဂ၊ မီဒီယာပစ္စည်းများနှင့် စာအုပ်စာစောင်ပေးအပ်ပွဲ အခမ်းအနားကို မေ ၈ရက် နံနက် ၁၀နာရီက ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်က အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က စာကြည့်တိုက် စံ(၅)ချက်နှင့် စာပေစွမ်းအားကြီးမားပုံနှင့် ကျောင်းအုပ်ဆရာကြီး ဦးချစ်မောင်က စာဖတ်ခြင်း အကျိုးကျေးဇူးကို ဟောပြောသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၁၆၀၀၀၀ ကိုလည်းကောင်း၊ စာအုပ်စာစောင် ၂၀၁အုပ်ကိုလည်းကောင်း၊ ဓမ္မပါရမီရှင်အသင်းမှ တီဗွီတစ်လုံး၊ ဗီဒီယိုပြစက်တစ်လုံး၊ ပန်ခွန်မိတ္တူဆိုင်မှ ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ငွေကျပ် ၁၃သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့သော ကိုယ့်အားကိုယ်ကိုး မြန်မာ့အလင်း စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ ကျေးရွာဥက္ကဋ္ဌ ဦးဖိုးချဉ်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်လွန်းနန်းထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စက်ပစ်တောင်ကျေး ရွာ တွင် နှစ်လက်မ စက်ရေတွင်းတစ်တွင်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် တူးဖော်ပေးခဲ့ပြီး ကျေးရွာပြည်သူများ သောက်သုံးရေပိုမိုလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက်၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် နှစ်လက်မ စက်ရေတွင်းတစ်တွင်း ထပ်မံတူးဖော်ပေးနေသည်ကို မေ ၁၅ရက်က တွေ့ရစဉ်။ (၀၈၆)

အမှတ်(က/၈) ပိတောက်(၃)လမ်း မြကန်သာ ဘုရင့်နောင် လှိုင်မြို့နယ်နေ ဦးစောဝင်း-ဒေါ်မြင့်မြင့်သန်းမိသားစုက ဦးစောဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အမှတ်-၂၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)၏ (၆၅)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဘက်စုံငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးလှသိန်း လက်ခံယူစဉ်။ (သံဃာ့ဆေးရုံ)

သန်လျင်မြို့ အောင်ချမ်းသာ (၂)ရပ်ကွက်နှင့် မြို့ဟောင်းအရှေ့ ဇီးကုန်းရပ်ကွက်တို့တွင် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်က တူးဖော်ခဲ့သည့် နှစ်လက်မစက်ရေတွင်းမှ သန့်ရှင်းသော သောက်သုံးရေများကို ရပ်ကွက်နေပြည်သူများ ခပ်ယူသုံးစွဲလျက်ရှိရာသို့ မေ ၁၃ရက်က စက်ရေတွင်း ကြီးကြပ်မှုကော်မတီတို့နှင့်အတူ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

DTV စလောင်းများ ပေးအပ်လှူဒါန်းပွဲ နောင်မွန်မြို့နယ် ကျေးရွာစာကြည့်တိုက်များ၌ကျင်းပ

နောင်မွန် မေ ၁၉

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကဆန်ခူးနှင့် ရပ်ထော့ကျေးရွာစာကြည့်တိုက်များ၌ မတ် ၁၀ရက် နံနက် ၁၀နာရီက DTV စလောင်းများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်းဇီးဒီးက စလောင်းများ ပေးအပ်တပ်ဆင်ပေးခြင်းနှင့် စံ(၅)ချက်နှင့်ပြည့်စုံသည့် ကျေးရွာစာကြည့်တိုက်များ ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဟောပြောသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဦးစီးမှူးက စလောင်းများကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးခန်ဆားရ်နှင့် ဦးဒါဝိတို့က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ဘိုးဘွားရိပ်သာသို့ လှူဒါန်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ချော်တွင်းကုန်း လူမှုဝန်ထမ်းဝင်းနေ ဦးကြည်စိန်အားရည်စူး၍ ဇနီး ဒေါ်တင်တင်ဌေးနှင့် မိသားစုတို့က ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

တောင်တွင်းကြီး မြို့မဈေးအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

တောင်တွင်းကြီး မေ ၁၉

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ပိုင်ဈေးအတွင်း လမ်းဘေး ဝဲ/ယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၆ရက်က အဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် ရေဆိုးရေပုပ်များ၊ မြေစာများ ရှင်းလင်းဖော်ထုတ်ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးမောင်ဝင်းက ကြီးကြပ်ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

သုတ၊ ရသစာအုပ်နှင့် ရေဒီယို ပေးအပ်လှူဒါန်း

မိုးကောင်း မေ ၁၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကိုယ်စားအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်(ထက်သူအောင်)က ဧပြီ ၃၀ရက်တွင် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်နှင့် စာနယ်ဇင်း ၅၂အုပ်၊ လစဉ်ထုတ် ဓမ္မရတနာ ဓမ္မမဂ္ဂဇင်း တစ်နှစ်စာနှင့် ကျေးလက်စာကြည့်တိုက်များအတွက် ရေဒီယိုတစ်လုံးတို့ကို မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလင်းနှင့် ဝန်ထမ်းများထံ ပေးအပ်လှူဒါန်းသည်။ *(၀၀၁)*

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လှိုင်ကော်မြို့၏ အပန်းဖြေစရာ နောင်ကယားကန်၏ သာယာလှပသည့် ရေလယ်ပေါင်းကူးတံတားကို တွေ့ရစဉ်။

သန့်ရှင်းသပ်ရပ်သော လှိုင်ကော်မြို့၏အလှ

သတင်းခရီးသည်
ကိုတင်လှိုင် (မိတ္ထီလာ)
ဓာတ်ပုံမှတ်တမ်း
သန့်စင်
စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး (မြန်မာ့အလင်း)

မိတ္ထီလာ မေ ၁၉

ကယားပြည်နယ်၏ သဘာဝအလှကား ရှုမောဖွယ်အတိဖြစ်သကဲ့သို့ မြို့တော်လှိုင်ကော်ကလည်း သန့်ရှင်းသာယာလျက်ရှိရာ ကယားပြည်နယ်အလှတရားကို ထပ်ဆင့်ဖော်ကျူးလျက်ရှိသည်။

မျက်စိပသာဒ

လှိုင်ကော်မြို့ကို မြို့တော်၏ ဂုဏ်အင်္ဂါရပ်နှင့်အညီ အစဉ်အမြဲ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က "မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ မြို့ပြနှင့်ကျေးလက် အကြားအလပ်မရှိ အချိုးညီညီ *စာမျက်နှာ ၆ ကော်လံ ၁* ✳

ဆိုင်ကလုန်းမုန်တိုင်း လိုင်လာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားခြင်းမရှိ

နေပြည်တော် မေ ၁၉

ယနေ့ညနေ ၅နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း လိုင်လာ(Laila)သည် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဆင့်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ဗီဆာကာပါတ္တနမ်မြို့ (Visakha-patanam) ၏ အနောက်တောင်ဘက် မိုင် ၂၇၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ မုန်တိုင်း၏ အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၇၅မိုင်ခန့်ရှိပြီး မြောက် သို့မဟုတ် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ မုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားခြင်းမရှိဟု သတ်မှတ်သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ○

မြန်မာနိုင်ငံအနှံ့အပြား မိုးရွာသွန်းလျက်ရှိပြီး အပူချိန်များမှာလည်း သိသိသာသာ ကျဆင်းလျက်ရှိ

နေပြည်တော် မေ ၁၉

၂၀၁၀ခုနှစ် မေ ၁၇ရက်က ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်ခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ရာမှ မေ ၁၈ရက်နှင့် ၁၉ရက်တို့တွင် ဆက်လက်အားကောင်းခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း လိုင်လာအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပျံ့ပျံ့နှံ့နှံ့

မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားခြင်းမရှိသော်လည်း ဆိုင်ကလုန်းမုန်တိုင်း လိုင်လာ၏အရှိန်ကြောင့် *စာမျက်နှာ ၇ ကော်လံ ၂* ❐

20-5 (20).pmd 1 5/20/2010, 4:30 AM